မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၉၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုကြီး၏နယ်မြေအစိတ်အပိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရန် လမ်းတံတားလုပ်ငန်းများကို ကိုယ့်ခွန်ကိုယ့်အား ကိုယ့်အတတ်ပညာဖြင့်တည်ဆောက်ပေးနေ ချင်းပြည်နယ်(တောင်ပိုင်း)၌ အဓိကကျသည့် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂မိုင် ဖွင့်လှစ်

ယခင်က ငါးရက်သွားခဲ့ရသည့်ခရီးကို ယခုခြောက်နာရီဖြင့်အရောက်သွားနိုင်ကြပြီ

နေပြည်တော် ဇူလိုင် ၂၁

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးသွားသော ချင်းပြည်နယ် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂မိုင် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက် ၇နာရီခွဲတွင် ချင်းပြည်နယ် မတူပီမြို့ရှိ လမ်းဖွင့်ပွဲမဂ်လာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂မိုင်ဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မိုင်းပွန်တံတားတည်ဆောက်ရေးစီမံကိန်း စံချိန်စံညွှန်းမီ သတ်မှတ်ချိန်ထက် စောစီးစွာပြီးစီးရေး ကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် လဲချားမြို့သို့ ထွက်ခွာခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

ပြည်ထောင်စုအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေး လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျစီမံကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများကို အခြေပြုသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ပြည်နယ်၊တိုင်းအသီးသီး၏ အချက်အချာဒေသများကို ဗဟိုပြုသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု စီမံကိန်း၊ တစ်နိုင်ငံလုံး အခြေခံဒေသများအထိ လွှမ်းခြုံထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို စနစ်တကျပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အစီအရီဖြစ်ထွန်းနေကြပြီဖြစ်သည်။

ယခင်ကာလက ရှမ်းပြည်နယ် အစွန်အဖျားဒေသများရှိ ကလေးသူငယ်များသည် သောင်းကျန်းမှုအန္တရာယ်ကြောင့် ပညာသင်ယူနိုင်ခွင့်ဆုံးရှုံးခဲ့ရသည်။ ယခုအခါ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာ၍ ကျေးရွာတိုင်းနီးပါး စာသင်ကျောင်းများ ဖွင့်လှစ်လာနိုင်ပြီ ဖြစ်သည်။ တောင်ကြီးနှင့်ပင်လုံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့တွင် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များကို သင်ယူနေကြပြီဖြစ်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းတစ်ခွင်လုံး၌ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဒေသများအားလုံးကို လွယ်လင့်တကူ ကူးသန်းသွားလာနိုင်သည့် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ရထားလမ်းသစ်များ ဖြစ်ထွန်းလာမှုများ၊ တိုင်းရင်းသား တိုင်းရင်းသူလူငယ်များ အဆင့်မြင့်ပညာ ဆည်းပူးသင်ယူနိုင်သည့် စာသင်ကျောင်းနှင့် တက္ကသိုလ်၊ ကောလိပ်များ ပေါ်ထွန်းလာမှုများ၊ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မြင့်မားမားပေးနိုင်သည့် အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများ၊ ကျန်းမာရေး ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ လက်လှမ်းတမီရှိလာမှုများ၊ ကျောက်မီးသွေးသုံး လျှပ်စစ်နှင့်ရေအားလျှပ်စစ်စီမံကိန်းကြီးများ ပေါ်ထွန်းလာမှုများစသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြန့်ကြက်တည်ရှိနေပြီဖြစ်သည်။

အထူးသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် စက်မှုဇုန်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖြစ်ထွန်းနေသည့်အပြင် မူဆယ်၊ ချင်းရွှေဟော်၊ လောက်ကိုင်၊ မိုင်းလား၊ တာချီလိတ်စသည့် ခေတ်မီနယ်စပ်မြို့ကြီးများ ပေါ်ထွန်းလာပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်စီးပွားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာသည့်အတွက် ရှမ်းပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုသည် ဆတက်ထမ်းပိုး တိုးပွားလာလျက်ရှိပေသည်။

ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးစည်ပင်နေခြင်းသည် တည်ငြိမ်အေးချမ်း ခြင်းကြောင့်ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ရရှိဖြစ်ထွန်းနေသည့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်သွားကြရင်း ပြည်ထောင်စုကြီး၏အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် ပူးပေါင်းလက်တွဲ ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ ငွေပဒေသာပင်လှူ

နေပြည်တော် ဇူလိုင် ၂၁

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ ငွေပဒေသာပင်လှူဒါန်းခြင်းနှင့် နံနက်စာကျွေးမွေးလှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင်၁၇ရက် နံနက် ၁၀နာရီက ပုသိမ်ကြီးမြို့နယ်ရှိ ကင်ဆာဖောင်ဒေးရှင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း၊ မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်နန်းအေးမြနှင့် အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း (Hospice) မန္တလေး အုပ်ချုပ်ရေးမှူးချုပ် ဒေါ်ခင်အေးမြင့်က Hospice အကြောင်းကို ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းသော အလှူငွေကျပ် တစ်သိန်းနှင့် အဝတ်အထည်များကို တိုင်း

ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း **(အပေါ်ပုံ)**က လည်းကောင်း၊ ဦးဟန်မြိုင်-ဒေါ်မေသက်မော် (မော်မော်စန်းထိုးမုန့်)က အလှူငွေကျပ် သုံးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း (Hospice) အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်မိမိလေးက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များသည် Hospice အတွင်းလူနာများကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးစကားပြောကြားပြီး အဝတ်အထည်များ ပေးအပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ် မြောက် ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် အမှတ်၆၃ လမ်း၂၀ လသာမြို့နယ်နေ အဘိုးအဘွားနှင့် နှစ်ဖက်သော မိဘတို့နှင့်တကွ ခင်ပွန်း ဦးပြုံးချို(ခ)ဆရာပြုံးတစ်နှစ်ပြည့်တို့အားရည်စူး၍ ဇနီးဒေါ်သန်းသန်းနှင့်တပည့် ခုနစ်ရက် သားသမီးကောင်းမှု ငွေကျပ် ၁၁၀၀၀၀ကို စာရင်းစစ်ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကွယ်လွန်သူ ဆေးဝါးကျွမ်းကျင်ကျောင်း ပါမောက္ခချုပ် ဦးမြင့်သိန်းအား ရည်စူး၍ ဆေးဝါးကျွမ်းကျင်ကျောင်း သင်တန်းသားတပည့်များက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၄၃၇၅၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။

(က-ပ)

သုခါဝါသ ဓမ္မရိပ်သာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၁

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာကြီး၌ (၅၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဉာဏောဘာသ(သာသနာ့ဓဇ ဓမ္မာစရိယ-မဟာကမ္မဋ္ဌာနာစရိယ သဇင်ရေကျော်ကျောင်း မြောက်ဥက္ကလာပ)က မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ရာ ဖုန်း-၅၃၇၃၂၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၂-၇-၂၀၀၆
(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"အသာဒဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိများ"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"အတ္တဆူး"** သရုပ်ဆောင်ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၅၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၈)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"မဟာဂန္ဓာရုံမှ တစ်နေ့တာ"**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၁၅)

■ **ကျောဖုံးမှ**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၃၈)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှငွေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လိုက်လံကြည့်ရှုနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အမှတ်၂၆ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)အခွန်လွတ်ဈေးသို့လည်းကောင်း၊ သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရှုခင်းသာ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေအခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေး စေတီလမ်းရှိ ရန်ကင်းအခွန်လွတ်ဈေးသို့ လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အဝတ်အထည်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ် တပ်ရင်း တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါး မွေးမြူရေး အထူးဇုန်၊ စိုက်ပျိုးရေး လုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး၊ M.M.G Jetty နှင့် ပုဂ္ဂလိက မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ရေချို ရေငန်ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ လူမှုရေးအသင်း အဖွဲ့များ၏ ပန်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီနှင့် ကုန်ခြောက်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်တိုင်းကုန်စည်ဒိုင်၏ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရောင်းချခဲ့သည့် သက်တမ်းကာလကြာမြင့်လာသည်နှင့်အမျှ ဈေးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရန်၊ တာဝန်ရှိသူများက အလေးချိန်ခွင် မှန်ကန်စေရေးအတွက် ကြပ်မတ်စစ်ဆေးကြရန်နှင့် ဈေးရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သည့် အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန် မှာကြားပြီးဈေးရောင်းချသူ ဈေးဝယ်ကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပြန်လည် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Ntegrator ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Ntegrator Pte Ltd. Chairman Mr.°Bernard Chen Tien Lap ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေ၃နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၁

စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဓာတ်မြေသြဇာစက်ရုံများ၏ ဓာတ်မြေသြဇာ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၀ရက် ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာ၌ ယခုဘဏ္ဍာရေးနှစ်အတွင်း ဓာတ်မြေသြဇာကို လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ စက်ရုံများ စွမ်းအားပြည့် လည်ပတ်ရေးတို့ကို မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် စက်ရုံမှူးများက စက်လည်ပတ်ထုတ်လုပ်နေမှု အခြေအနေ၊ ပြုပြင်ဆောင်ရွက်မှု အခြေအနေနှင့် ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်နိုင်ရေး၊ စက်စွမ်းအားပြည့်လည်ပတ်ရေး၊ အလေအလွင့်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ဝန်ကြီးက စက်ရုံများကို အချိန်နှင့်တစ်ပြေးညီပြုပြင်ရေး၊လက်ရှိထုတ်လုပ်မှုကို ထပ်မံတိုးမြှင့်နိုင်ရေးတို့ကို မှာကြားပြီးသဘာဝဓာတ်ငွေ့လုံလောက်စွာရရှိရေး၊ လျှပ်စစ်ဓာတ်အား ပြည့်မီစွာရရှိရေးတို့ကိုစီမံဆောင်ရွက်ပေးကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဂီတရေစီးကြောင်းထဲကဂီတာ
၇း၂၀	သွားကျန်းမာရေးနှင့်ဖက်ရှင်
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	အသည်းခြောက်ရောဂါ လက္ခဏာများ (ပါမောက္ခဒေါက်တာခင်မောင်ဝင်း)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	မိုးလေဝသခန့်မှန်းချက်
၈း၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	သွက်လက်ဆန်းသစ် မိုင်းတုံ Jeep
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	မေတ္တာကိုအခြေပြုနယ်လှည့်လို့ ကုတဲ့ယာဉ်(ဒါးကခရီးစဉ်)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	Music Gallery
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ဂေါက်ရိုက်ကြရအောင်
၁၀း၃၅	မိသားစုတနင်္ဂနွေ (ကျိုက်မော်ဝန်းရေလယ်စေတီ)
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	နိုင်ငံတကာအနုပညာရေးရာ
၁၁း၄၀	ပျော်ရွှင်မှုကိုခံစားစေမည့် ဘက်စုံကစားကွင်းဆီ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန လူငယ်သင်တန်းကျောင်း (ကျိုက်ဝိုင်း)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာခင်မာအေးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာခင်မာအေး**(အောက်ပုံ)** က **"လုံခြုံစိတ်ချ မိခင်ဘဝ"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်း အဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်က**"ဆယ်ကျော်သက်အရွယ် မျိုးဆက်ပွားကျန်းမာရေး"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသ

ရာခိုင်နှုန်း ၈၀ (မိုးရွာရန် ရာနှုန်း ၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင်၁၅ရက်က သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၏ ၂၀၀၅-၂၀၀၆ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ စည်းကမ်းထိန်းသိမ်းရေး ကောင်းမွန်ဆုရ ဆရာ ဦးခင်မောင်ဌွေးအား ကျောင်းအုပ်ဆရာကြီးဦးမိုးလွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

✡ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီအပေါ် စိတ်ပါဝင်စားမှုမရှိခြင်း၊ ပါတီတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်လိုမှုမရှိခြင်းတို့ကြောင့် NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏တာဝန်များမှ လည်းကောင်း ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၁ ဦးတို့သည်လည်း ဇွန်လအတွင်းတွင် နုတ်ထွက်ခဲ့ကြပြီးဖြစ်သဖြင့် ရေဦးမြို့နယ် NLD ပါတီဝင် ၃၃ ဦးတို့ နုတ်ထွက်ခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အီကွေဒေါရှိ တန်ဂူရာဟူးယား မီးတောင်ပေါက်ကွဲ
လယ်မြေဟက်တာ ၁၉၀၀၀ ပျက်စီး၊ လူအများအပြား ရွှေ့ပြောင်းပေးခဲ့ရ

ကွာတို ဇူလိုင် ၂၁

အီကွေဒေါနိုင်ငံအလယ်ပိုင်းရှိ တန်ဂူရာဟူးယားမီးတောင်သည် မကြာသေးမီက ပေါက်ကွဲခဲ့သဖြင့် လယ်ယာမြေ ဟက်တာ ၁၉၀၀၀ ပျက်စီးခဲ့ကြောင်း အီကွေဒေါသမ္မတရုံးက ဇူလိုင် ၁၈ရက်တွင် ကြေညာသည်။ (ယာပုံ)

တန်ဂူရာဟူးယား မီးတောင်သည် ချင်းဘိုရာဇိုရှိ လယ်ယာမြေ ဟက်တာ ၁၂၀၀၀နှင့် တန်ဂူရာဟူးယားရှိ လယ်ယာမြေဟက်တာ ၇၀၀၀ကို ဖျက်ဆီး လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ၅၀၂၉ မီတာမြင့်သော အဆိုပါ မီးတောင်သည် ထိုဒေသပေါ်သို့ ပြာများ၊ မီးလောင်နေသည့် ချော်ရည်ပူများ အဆက်မပြတ် ကျစေကာ ဇူလိုင် ၁၄ ရက်တွင် ဆိုးရွားသည့် အနေအထားသို့ ပြောင်းလဲခဲ့ပြီး လပေါင်းများစွာ သို့မဟုတ် နှစ်များအထိ ကြာသွားနိုင်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြ

၎င်းပြင် မီးတောင်သည် ပြောင်း၊ အာလူး၊ နှံစားသီးနှံခင်းများနှင့် ခြံမွေးတိရစ္ဆာန်များရှိသော ကျေးရွာများကို ပျက်စီးစေကာ လူ ၁၃၀၀၀ကျော်မှာလည်း ယင်းဒဏ်ကို ခံခဲ့ရကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အီကွေဒေါအစိုးရသည် ဆိုးဆိုးရွားရွားဒဏ်ခံရသည့် နေရာနှစ်ခုဖြစ်သော ဘီလ်ဘာအိုနှင့် ကူဆူယာမှ မိသားစု ၁၀၀၀ ဝန်းကျင်ကို ပြောင်းရွှေ့ပေးလိုက်ပြီး ဆက်လက်၍လည်း ချာကာယူကာ၊ ဂျုံယီဗီ၊ ပွန်တွန်တို့တွင် နေထိုင်ကြသူများကိုလည်း ပြောင်းရွှေ့ရန်ပြင်ဆင်လျက်ရှိသည်။

သုံးစွဲ

အီကွေဒေါသမ္မတ အယ်လ်ဖရီဒိုပါလာစီယိုသည် ကက်ဘိနက်အား အရေးပေါ်အစီအစဉ်ရေးဆွဲရန် အမိန့်ထုတ်ပြန်ထားသည်။ အစိုးရသည် ဘေးဒုက္ခရောက်သူများအတွက် ဖြေရှင်းရန် အမေရိကန်ဒေါ်လာ ၄ဒသမ ၉သန်း သုံးစွဲရေးကို ဇူလိုင် ၁၇ရက်က ဆုံးဖြတ်ခဲ့ပြီး ဒုက္ခသည်များ အစားအစာ၊ ဆေးဝါးနှင့်သောက်ရေ ဖြန့်ဝေ နိုင်ရေးအတွက် လောလောဆယ် ဒေါ်လာ၃၀၀၀၀၀ သုံးစွဲထားကြောင်း ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ ချက်ချင်း အပစ်အခတ်ရပ်စဲကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်တိုက်တွန်းပြောကြား

ကုလသမဂ္ဂ ဇူလိုင် ၂၁

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာလက်နက်ကိုင် တိုက်ခိုက်ရေးသမားများအကြား ဖြစ်ပွားနေသော တိုက်ခိုက်မှုများကို အမြန်ဆုံးရပ်စဲရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားလိုက်သည်။

ထို့အပြင်အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတောင်ပိုင်း နယ်စပ်တစ်လျှောက်၌ နိုင်ငံတကာတပ်ဖွဲ့ဝင်များ ဖြန့်ချရန်လည်း ကိုဖီအာနန်က အဆိုပြုခဲ့သည်။ သို့မှသာ အစ္စရေးနှင့်ဟစ်ဇ်ဘိုလာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားနေသော တိုက်ခိုက်နေမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၀ရက်က ကျင်းပသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ကိုဖီအာနန်က ပြောကြားသည်။

ဒုက္ခခံစားနေရ

သို့ရာတွင် ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ် ဂီလ်လာမင်က မိမိတို့ ရည်မှန်းချက် အောင်မြင်မှု မရမချင်း တိုက်ခိုက်မှုများ မရပ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ဟစ်ဇ်ဘိုလာတို့အနေဖြင့် အစ္စရေးတပ်ဖွဲ့ဝင်များကို အဓမ္မဖမ်းဆီးခဲ့ခြင်းကြောင့် တစ်နိုင်ငံလုံးဒုက္ခခံစားနေရသည်ဟု ကိုဖီအာနန်က ပြောကြားသည်။

ဟစ်ဇ်ဘိုလာတို့က အစ္စရေးတို့အား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသလို အစ္စရေးတို့ကလည်း လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

တိုက်တွန်း

ဇူလိုင် ၁၂ရက်က အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ဟစ်ဇ်ဘိုလာတို့က ဖမ်းဆီးခဲ့ခြင်းကို ပြန်လည်လွှဲပြောင်းပေးခြင်းဖြင့် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ကြရန် ကိုဖီအာနန်က တိုက်တွန်းလိုက်သည်။ **အမ်အင်အေ၊ရိုက်တာ**

ငယ်ရွယ်စဉ် အဝလွန်သည့်အမျိုးသမီးငယ်များ အချိန်မတိုင်မီ သေဆုံးနေကြရ

နယူးယောက် ဇူလိုင် ၂၁

အသက် ၁၈နှစ်အရွယ်၌ အလွန်အကျွံ ကိုယ်အလေးချိန်များလွန်းသော အမျိုးသမီးငယ်များသည် အချိန်မတိုင်မီ စောစောစီးစီးသေဆုံးကြရသည်ဟု သုတေသနစစ်တမ်းတစ်ရပ်က ဇူလိုင် ၁၉ရက်၌ ဖော်ပြလိုက်သည်။

တွေ့ရှိ

အသက် ၁၈နှစ်အရွယ် သို့မဟုတ် ယင်းထက်ပိုငယ်သော အမျိုးသမီးငယ်များသည် ကိုယ်အလေးချိန်များပြားပြီး အဝလွန်မှုဖြစ်နေသော အမျိုးသမီးငယ်တစ်သိန်းကျော်ကို လေ့လာသုတေသနပြုခဲ့ရာ ၎င်းတို့အနက် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ မိမိကိုယ်မိမိသတ်သေမှုနှင့် အခြားရောဂါများကြောင့်သေဆုံးသူများပြားကြောင်း တွေ့ရှိရသည်ဟု အမေရိကန်နိုင်ငံဘော်စတွန်မြို့ရှိ ဟားဗတ်ပြည်သူ့ကျန်းမာရေးသိပ္ပံမှ သုတေသနပညာရှင်များက ပြောကြားသည်။

တိုးမြှင့်

အသက် ၁၈နှစ်အရွယ်၌ ကိုယ်အလေးချိန်များပြားပြီး အဝလွန်သော အမျိုးသမီးငယ်များ၏ ဖြစ်ရာခိုင်နှုန်းသည် အချိန်မတိုင်မီ စောစီးစွာ သေဆုံးခဲ့ရကြောင်း၊ ထို့အတူ လူရွယ်လူလတ်ပိုင်းတွင် အဝလွန်မှုဖြစ်သူများ တိုးတက်များပြားလာလျက် သေအံ့မူးမူး အနေအထားရောက်နေသူ အရေအတွက်လည်း တိုးမြှင့် လျက်ရှိသည်ဟု ၎င်းတို့ကပြောကြားသည်။

ထို့ကြောင့် ငယ်ရွယ်သူများအနေဖြင့် ကိုယ်အလေးချိန်လျှော့နည်းကျဆင်းအောင်ကြိုးစားရမည်ဖြစ်ကြောင်း ငယ်ရွယ်စဉ်၌အဝလွန်မှုမှာ ကျန်းမာရေးကို ထိခိုက်စေကြောင်း သုတေသနအဖွဲ့မှ ဒေါက်တာဖရင့်စ်ဘီဟူက ပြောကြားသည်။ ယခုအခါငယ်ရွယ်စဉ်အချိန်တွင် အဝလွန်သည့်ကလေးငယ်များပြားလာခြင်းမှာလည်း ကျန်းမာရေးအတွက် အဓိကပြဿနာဖြစ်လာကြောင်း၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်၌မိုင်းတွင်းပေါက်ကွဲ ၁၈ဦးသေဆုံး၊ ၃၉ဦး ပိတ်မိနေ

လင်ရှီ ဇူလိုင် ၂၁

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်ရှိ လင်ကျာဟန် ကျောက်မီးသွေးမိုင်းတွင်း ပေါက်ကွဲမှုဖြစ်ပွားသဖြင့် မိုင်းအလုပ်သမား ၁၈ဦး သေဆုံးပြီး ၃၉ဦး ပိတ်မိနေဆဲဖြစ်ကြောင်း ဒေသခံအရာရှိများက ဇူလိုင် ၁၅ရက်တွင် အတည်ပြုပြောကြားသည်။

မိုင်းအလုပ်သမားခြောက်ဦး လွတ်မြောက်ခဲ့ကြောင်း ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့ရှူရှိုက်မိသူ တစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးရုံတင်လိုက်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

လုပ်ငန်းလုံခြုံရေးဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ကျောက်မီးသွေးမိုင်းတွင်းများ လုံခြုံရေးဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တို့ကလည်း ကယ်ဆယ်ရေးလုပ်ငန်းများကို တိုက်ရိုက်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ အနောက်မြောက်ဘက် ယူရမ်ချီတွင် ဇူလိုင် ၁၉ရက်က ဒီဇိုင်းပညာရှင်ဆန်စီယူကျင်၏ ဒီဇိုင်းလက်ရာကို မိန်းကလေးတစ်ဦးက ပြသနေစဉ်။ (ဆန်စီယူကျင်သည် စီကျန်ယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အဆင့်မြင့် ဒီဇိုင်းပညာရှင်တစ်ဦးဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံတွင် ယာဉ်တိမ်းမှောက်

မနီလာ ဇူလိုင် ၂၁

ဖိလစ်ပိုင်နိုင်ငံ နီဂရိုအိုရန်တယ်ပြည်နယ်ရှိ ဆင်ခြေလျှောလမ်း မပေါ်တွင် ဇူလိုင်၂၀ ရက်က လယ်သမားများ တင်ဆောင်လာသော ကုန်တင်ကားတစ်စီး တိမ်းမှောက်ခဲ့သဖြင့် လယ်သမား ၁၅ ဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိသွားခဲ့သည်ဟု ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါလမ်းများမှာ ၎င်းတို့၏ ထွက်ကုန်များအား ဈေးသို့သွားရောက်ရောင်းချရန်အတွက် ၁၀ဘီး ကုန်တင်ကားအား စီးနင်းလိုက်ပါလာစဉ် နီဂရိုအိုရန်တယ်ပြည်နယ် လာလီဘာတတ်မြို့တွင် ယာဉ်တိမ်း မှောက်ခဲ့ခြင်းဖြစ်သည်။

မတော်တဆမှု ဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ အကြောင်းရင်းကို မသိရသေးကြောင်း၊ သို့သော် မိုးရွာသွန်းမှုကြောင့် လမ်းချော်ခြင်း သို့မဟုတ် နံနက်စောစောပိုင်းဖြစ်သဖြင့် ယာဉ်မောင်း အိပ်ငိုက်သွားခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း လာလိဘာတတ် မြို့တော်ဝန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နယ်သာလန်နှင့် ပြင်သစ်တွင် အပူလှိုင်းကျရောက်

အမ်မာစဒမ် ဇူလိုင် ၂၁

နယ်သာလန်နိုင်ငံတွင် လေးရက်ကြာလမ်းလျှောက်ပွဲ၏ ပထမနေ့ဖြစ်သော ဇူလိုင်၁၈ရက်၌ အပူချိန် ၃၀ဒီဂရီဆဲလ်စီးရပ်စ်အထိရှိခဲ့သဖြင့် လမ်းလျှောက်သူနှစ်ဦး သေဆုံးခဲ့ရသည်ဟု ဒတ်ချ်နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။

အပူလှိုင်းကျရောက်မှုကို လမ်းလျှောက်သူ ၃၀၀တို့ခံစားခဲ့ရပြီး လူ ၃၀မှာ ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သိရသည်။ နယ်သာလန်နိုင်ငံတွင် ဇူလိုင်၁၉ရက်၌ အပူချိန် ၃၆ဒီဂရီ ဆဲလ်စီးရပ်စ်အထိရှိခဲ့ရာ သီတင်းသုံးပတ်အတွင်း ဒုတိယအကြိမ် အပူလှိုင်းရိုက်ခတ်ခံရခြင်းပင် ဖြစ်သည်။

လမ်းလျှောက်ပွဲကျင်းပသူများက လမ်းလျှောက်ပွဲကို ဖျက်သိမ်းခဲ့ရသည်။ နယ်သာလန်နိုင်ငံ လမ်းလျှောက်ပွဲကို ၁၉၀၉ခုနှစ်မှ စတင်ကာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ပါဝင်ဆင်နွှဲသူ ၄၄၀၀၀ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၌လည်း ဇူလိုင် ၁၈ရက်က သေဆုံးခဲ့သူနှစ်ဦးမှာ အသက်အရွယ်ကြီးရင့်သူများဖြစ်ပြီး အသက် ၈၅နှစ်အရွယ်အမျိုးသားတစ်ဦးနှင့် ၈၁နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆိုနီကုမ္ပဏီမှ အသစ်ထုတ်လုပ်လိုက်သည့် သီချင်းနားဆင်နိုင်သည့် လက်ကိုင်ဖုန်းများကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြည်ပ၌ ဗီယက်နမ်ရင်းနှီးမြှုပ်နှံ စီမံကိန်းရှစ်ခု၌ ဒေါ်လာ ၄၃ သန်းရှိ

ဟန္နိုင်း ဇူလိုင် ၂၁

ဗီယက်နမ်နိုင်ငံသည် ဇန်နဝါရီလနှင့် ဇူလိုင်လလယ်အတွင်း ပြည်ပ၌ စီမံကိန်းရှစ်ခုတွင် အမေရိကန်ဒေါ်လာ ၄၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ဒေသခံအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

အဓိက စီမံကိန်းများမှာ စင်ကာပူတွင် ရေနံနှင့် ဓာတ်ငွေ့ရှာဖွေရေးနှင့် တူးဖော်ရေး၊ လာအိုတွင် ရော်ဘာပင် စိုက်ပျိုးရေး၊ ကမ္ဘောဒီးယားတွင် ဆေးရုံကြီးတစ်ရုံ တည်ဆောက်ရေးများ ပါဝင်ကြောင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အေဂျင်စီ ဒုတိယဥက္ကဋ္ဌ ငုယန်အန်တူအန်က ပြောကြားသည်။

မျှော်မှန်းထား

ဗီယက်နမ်သည် ၂၀၀၅ခုနှစ်က နိုင်ငံခြား၌ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၃၆၇သန်းကျော်ရှိခဲ့ပြီး အဓိကအားဖြင့် လာအို၊ ရုရှား၊ ကမ္ဘောဒီးယားနှင့်အင်ဒိုနီးရှားတို့ ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်နှင့်၂၀၁၀ ပြည့်နှစ်အတွင်း နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်း ၂၀၀ရှိမည်ဟု မျှော်မှန်းထားကြောင်း မစ္စတာတူအန်က ပြောကြားသည်။

လိုင်စင်ခွင့်ပြု

ယခုချိန်အထိ ဗီယက်နမ်နိုင်ငံသည် နိုင်ငံနှင့် ဒေသ ၄၀နီးပါးတွင် ဒေါ်လာသန်း ၆၇၀ကျော် မှတ်ပုံတင်ထားမှုနှင့်အတူ ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၁၅၈ခု အတွက် လိုင်စင်ခွင့်ပြုခံထားရပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ ရေလွှမ်းနေသော မိုင်ယန်လမ်းပေါ်တွင် ဇူလိုင် ၁၉ရက်က ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျာဗားကျွန်း၌ ငလျင်လှုပ် အဆောက်အအုံများ ယိမ်းယိုင်

ဂျကာတာ ဇူလိုင် ၂၁

အင်ဒိုနီးရှားနိုင်ငံဂျာဗားကျွန်းအနီးနှင့် မြို့တော်ဂျကာတာတို့တွင်ရှိသော အထပ်မြင့်အဆောက်အအုံများသည် ဇူလိုင် ၁၉ရက်က ငလျင်လှုပ်ခဲ့မှုကြောင့် ယိမ်းထိုးလှုပ်ယမ်းသွားခဲ့သည်။

သို့ရာတွင် အပျက်အစီးနှင့်ဆုံးရှုံးမှု မသိရသေးကြောင်း၊ ဒေသနေပြည်သူများသည် ရုံးအဆောက်အအုံနှင့်နေအိမ်များမှထွက်ကာ ကွင်းများတွင်သွားရောက်နေထိုင်ရကြောင်း သတင်း၌ဖော်ပြသည်။

ဗဟိုပြုလှုပ်

ယင်းမြေလျင်သည် ၆ဒသမ၂ပြင်းအားရှိပြီး ဂျာဗားကျွန်းအနောက်တောင်ဘက် အိန္ဒိယသမုဒ္ဒရာကမ်းလွန်ကို ဗဟိုပြု၍လှုပ်ခဲ့ခြင်းဖြစ်ကြောင်း မြေလျင်ဗဟိုဌာနချုပ်မှတာဝန်ရှိသူ ဖောဇီဆိုသူက ရိုက်တာသို့ပြောကြားသည်။

ဇူလိုင် ၁၇ရက်က ၇ဒသမ၂ ပြင်းအားရှိသော မြေလျင်တစ်ခုဂျာဗားတောင်ပိုင်း၌ လှုပ်ခတ်ခဲ့ရာ ဆူနာမီဖြစ်ပေါ်ပြီး အနည်းဆုံးလူ ၅၅၀သေဆုံးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ထောက်လှမ်းရေးဂြိုဟ်တု ဂျပန်လွှတ်တင်မည်ဟုဆို

တိုကျို ဇူလိုင် ၂၁

ဂျပန်နိုင်ငံက ယခုလ စောစောပိုင်းက အိမ်နီးချင်းမြောက်ကိုရီးယားမှ ဒုံးကျည်များ စမ်းသပ်ခဲ့ခြင်းကို စောင့်ကြည့်နိုင်ရန် ရည်ရွယ်၍ စက်တင်ဘာလတွင် ထောက်လှမ်းရေးဂြိုဟ်တုတစ်စင်းလွှတ်တင်ရန် စီစဉ်လျက်ရှိသည်။

သတင်းအချက်အလက်စုဆောင်းရေး အဆိုပါဂြိုဟ်တုသည် ဂျပန်နိုင်ငံ၏ တတိယမြောက် ဂြိုဟ်တုဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းမှ ၂၀၀၃ ခုနှစ် မတ်လက ဂြိုဟ်တုနှစ်လုံး လွှတ်တင်ခဲ့ပြီးနောက် တတိယမြောက် ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

လွှတ်တင်မည်

ယင်းဂြိုဟ်တုကို စက်တင်ဘာ ၁၀ရက်တွင် ဂျပန်တောင်ပိုင်း တန်ဂက်ရှီးမားဒေသမှ လွှတ်တင်မည် ဖြစ်ကြောင်း ဂျပန်ဝန်ကြီးအဖွဲ့ထောက်လှမ်းရေးဗဟိုဌာနမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင်၂၀ရက်၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး အာကာသယာဉ် တရုတ်နိုင်ငံက လွှတ်တင်မည်ဟုဆို

ပေကျင်း ဇူလိုင် ၂၁

တရုတ်နိုင်ငံ၏ အာကာသလေ့လာရေး အစီအစဉ်သည် လကမ္ဘာတွင်သာမက အင်္ဂါဂြိုဟ်သို့လည်း သွားရောက်ရန်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ကိုးကားဖော်ပြသည်။

ကိုးကားဖော်ပြ

လ၏မျက်နှာပြင်ကို ကမ္ဘာမြေမှ ဤသို့တွေ့ရသည်။

တရုတ်နိုင်ငံသည် အာကာသအစီအစဉ်တွင် နိုင်ငံတကာနှင့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန်ရှိကြောင်း၊ တရုတ်အမျိုးသား အာကာသအုပ်ချုပ်ရေး အကြီးအကဲ ဆန်းလဲ့ရန်း၏ ပြောကြားချက်ကို အဆိုပါ သတင်းဌာနက ကိုးကားဖော်ပြသည်။

လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်သို့ စူးစမ်းလေ့လာရေး အာကာသယာဉ်များ စေလွှတ်မည်ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဆက်လက်ဖော်ပြသည်။

တရုတ်နိုင်ငံက လာမည့်နှစ်တွင် လကမ္ဘာသို့ အာကာသယာဉ် လွှတ်တင်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်မီဒီယာက ကြေညာသည်။ ၎င်းအာကာသယာဉ်သည် လကမ္ဘာသို့ တစ်နှစ်ကြာ သွားရောက်ကာ သုံးဖက်မြင်ရုပ်ပုံများနှင့် လ၏မျက်နှာပြင်မှ အချက်အလက်များ စုဆောင်းမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး နေကာမျက်မှန်

ကမ္ဘာပေါ်တွင် အကြီးမားဆုံးနေကာမျက်မှန်ကြီးတစ်ခုကိုတွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါနေကာမျက်မှန်ကြီးကို ဒတ်ချ်နိုင်ငံသား ဆူဇီဂိုမက်ဇ်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာလူသုံးကုန်ပစ္စည်းများပြပွဲ၌ ခင်းကျင်းပြသခဲ့သည်။ ၎င်းနေကာမျက်မှန်ကြီး၏ အမြင့်သည် လူတစ်ရပ်အမြင့်ထက် ပိုမိုကျော်လွန်ကြောင်းသိရသည်။ **(အင်တာနက်)**

ရေခဲတုံးများဖြင့် တည်ဆောက်ထားသောစားသောက်ဆိုင်

ရေခဲတုံးများဖြင့် တည်ဆောက်ထားသော စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါစားသောက်ဆိုင်မှာ တရုတ်နိုင်ငံရှန်စီပြည်နယ် စီအန်မြို့တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး စုစုပေါင်း ရေခဲတုံး ၂၀၀ဖြင့် အဆင့်ဆင့် ထပ်ကာပြုလုပ်ထားခြင်းဖြစ်သည်။ အပူချိန်မြင့်မားနေသောအချိန်၌ ရေခဲတုံးများဖြင့် တည်ဆောက်ထားသည့် စားသောက်ဆိုင်မှာ စားသုံးသူများကို ဆွဲဆောင်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

သေနတ်သမားများပစ်ခတ်မှု ဘဂ္ဂဒက်၌ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၁

ဘဂ္ဂဒက်မြို့ တောင်ဘက်ပိုင်းတွင် ဇူလိုင် ၁၉ရက်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။ ထိုစဉ်အတွင်းပင် မြို့တော်၏ အခြားနေရာများတွင် ကွပ်မျက်ထားသည်ဟု ယူဆရသော ရုပ်အလောင်း ၁၀ လောင်းကို တွေ့ရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်းတယ်မူဟာမက်ဒေသတွင် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ဟင်းသီးဟင်းရွက်ဆိုင်တစ်ဆိုင်ကို သေနတ်သမားများ ဝင်ရောက်တိုက်ခိုက်ပြီး ညီအစ်ကိုလေးယောက်ကို ပစ်သတ်ခဲ့ပြီးနောက် ၎င်းတို့မထွက်ခွာမီ ပေါက်ကွဲစေသည့်ပစ္စည်းများကို ထောင်ထားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

ထို့နောက် လူအချို့ ယင်းနေရာသို့ စုရုံးရောက်ရှိလာစဉ် ၎င်းတို့ထောင်ထားသော ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူသုံးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

22-7 (05).p65 1 1/3/32, 10:59 PM

အညာပြန်ခရီး

❋ ကိုယ့်ဇာတိကိုယ့်ရပ်မြေ
ခါတလေ ရောက်ချင်ဇောရယ်နဲ့
စိတ်မောမိအခါခါ၊
ကမ္ဘာမခြားပေမယ့်
အညာသားကျွန်တော်တစ်ယောက်
အောက်ရပ်မြေ အောက်အရပ်
လှည့်ပတ်ကျင်လည်လို့
ငွေရှာမယ်ဆင်းအလာ
အောက်ပြည်ရွာလှပဂေးနဲ့
ရွှေဖူးစာဆုံကာပေးတာကြောင့်
ဝေးခဲ့အညာ။

❋ အခါသင့်ပြီမို့
ကြာမြင့်စွာတမ်းနေလွမ်းနေမိပါတဲ့
ဇာတိအညာဆီသို့
ပါရမီအစဉ် ဖြည့်ကာဆည်းပါတဲ့
ကညာခင်အမိပမာဇနီးရယ်နဲ့
ခရီးစထွက်ခဲ့တယ်၊
ရန်ကုန်မှာအနေများတာကြောင့်
နယ်သွားရင် မအီမသာနဲ့
လမ်းကြမ်းတာအထိုက်အလျောက်
တွေ့သလောက်တော့ တွေ့ပါစေပေါ့
အညာမြေရောက်ဖို့ပဲ
အားခဲခဲ့တယ်။

❋ ဒါပေမယ့်လေ
ခရီးအညာမြေက
သွားလာမှုအဆင်ပြေ
ရန်ကုန်မြေအသွင်ရှိ၊
ကားပေါ်မှာငြိမ့်ငြိမ့်ညောင်းနဲ့
လမ်းကြောင်းရဲ့ပတ်ဝန်းကျင်
မြကျောပြင် လယ်ယာခင်းတွေနဲ့
စိမ်းစိုလွင်သစ်ပင်တန်းတွေက
လန်းဆန်းလို့စိတ်ကြည်လင်
ပျော်ရွှင်စရာဒီခရီးဟာမို့
အောက်ရပ်သူချစ်ဇနီးမှာတော့
ဘယ်နည်းပုံရှိလိမ့်မတုန်းရယ်လို့
မျက်လုံးစွေကာကြည့်
ပြုံးမျက်နှာအပြည့်။ ။ ရွှန်းမြအောင်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နိဗ္ဗာန်ရောက်ကြောင်းတရားများချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၁

၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့ (ဇူလိုင် ၂၄ရက်) တနင်္လာနေ့ မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ကလည်းကောင်း၊ ညနေ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရောဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းမြို့ ဇေယျာဝတီအနောက်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပဏ္ဏာဝံသက လည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ **(သတင်းစဉ်)**

သက်တော်(၆၃)နှစ်ပြည့်ဘဒ္ဒန္တ ဝေပုလ္လမထေရ်မြတ် ဝိဇာတအလှူမင်္ဂလာနှင့်သိက္ခာထပ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိုင်းသံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လမထေရ်မြတ်၏ သက်တော် (၆၃)နှစ်ပြည့် မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာနှင့် (၇၉)ကြိမ်မြောက် သိက္ခာထပ် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၅နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများ မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာပွဲနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာပွဲသို့ တက်ရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် အဘိုးဦးဘစံ-အဘွားဒေါ်လေးမေ၊ ခင်ပွန်း ကိုသန်းနိုင်ဦးတို့အားရည်စူး၍ ဇနီး မမြင့်မြင့်ချို၊ သား တင်အောင်ကျော်၊ သမီး ချမ်းမြေ့ကျော်မိသားစုတို့က ဒုတိယအကြိမ် အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် အဘိုး Mr.A.C. Simpson-အဘွား ဒေါ်မြနွယ်၊ အဘိုးဦးလွင်၊ အဘွားဒေါ်ထိုက်တို့အား ရည်စူး၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ရုံးကြီးလမ်း အမှတ် ၃၂ နေ သား ဦးဆန်းမြင့်၊ သမီး ဒေါ်ခင်သန်းမြင့်၊ မြေး မောင်မိုးဆန်း (ခ) Arthur Simpson Jr. မိသားစုက အလှူတော်ငွေကျပ်တစ်သိန်း သုံးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘများ အမှူးထား၍ ဦးကျော်မြင့်ထွန်း-ဒေါ်ခင်စန်းလှိုင် သမီး မဝတ်ရည်သိမ်းကျော် မြန်မာပရိဘောဂ အမှတ်(၁) အနောက်မြင်းပြိုင်ကွင်းလမ်း မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးခေမာသီရိရှေ့မှောက်၌ တာဝန်ခံ ဦးတင်ထွင့်နိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေကူးကန်အနေအထားနှင့် ကလေးငယ်တို့၏ ပန်းနာရောဂါဖြစ်ပွားမှုဆက်စပ်နေ

ကလေးငယ်များကို ရေကူးကန်များအတွင်း ပုံမှန်ရေကူးစေပါက ရင်ကျပ်ပန်းနာရောဂါဖြစ်ပွားစေကြောင်း တွေ့ရှိရသည်ဟု ဘယ်လ်ဂျီယံနိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

စနစ်တကျ

ပြင်ပရေကူးကန်များနှင့်အဆောက်အအုံအတွင်း ရေကူးကန်များသည် ကလေးများတွင် ဖြစ်ပွားသော ပန်းနာရင်ကျပ်ရောဂါနှင့် ဆက်စပ်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ရေကူးကန်များ၌ ပုံမှန်ရေကူးသော ကလေးငယ် တစ်သိန်းခန့်ကို စနစ်တကျလေ့လာခဲ့ရာ ကလေးငယ် နှစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းခန့်သည် ပန်းနာရောဂါနှင့် ချွဲသလိပ်များမှု ဖြစ်ခဲ့ကြသည်ဟု ၎င်းတို့က ပြောကြားသည်။

ပုံမှန်ရေလဲပေး

အထူးသဖြင့် အဆောက်အအုံအတွင်းရှိသော ရေကူးကန်များသည် ပိုမိုအဖြစ်များကြောင်း၊ လေဝင်လေထွက်မကောင်းမှု၊ ရေကူးကန်များ သန့်ရှင်းမှုအားနည်းခြင်း၊ ရေများသန့်ရှင်းမှုမရှိခြင်း၊ ပုံမှန်ရေလဲပေးသော ရေကူးကန်များမှာလည်း ရောဂါဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်မှုအစီအစဉ်ညံ့ဖျင်းမှုများကြောင့်ဖြစ်ကြောင်းလည်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့အပြင် ဥရောပရှိ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ အသက် ၁၃ နှစ်နှင့် ၁၄ နှစ်အကြား ကလေးငယ် ၁၉၀၀၀၀ ကို လေ့လာခဲ့ရာ အဆောက်အအုံအတွင်းရှိ ရေကူးကန်များ၌ ပုံမှန်ရေကူးသော ကလေးများမှာ ချွဲသလိပ်များပြားသည့်ရောဂါ၊ ပန်းနာရောဂါ၊ ကိုယ်ရေပြားရောဂါနှင့် အယ်ဖိုင်းမားရောဂါဖြစ်ပွားမှုနှင့် ကြုံတွေ့ရသည့် ကလေးအရေအတွက်များပြားကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ နောက်ဆုံးသုတေသနပြုချက်၌ ဖော်ပြထားသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက်
သတင်းစာတက်ပုံ

နှလုံးသွေးကြောပိတ်ရောဂါမဖြစ်ရေး ကိုယ်လက်လှုပ်ရှားမှုမှန်မှန်ပြုလုပ်ပေး

အသက် ၄၀ မှစ၍ နောက်ပိုင်း ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခု လုပ်သူများအနေဖြင့် ရုပ်မြင်သံကြားစက်ရှေ့၌ တစ်နေကုန်ထိုင်လုပ်ဆောင်သော်လည်း နှလုံးသွေးကြောပိတ်ရောဂါဖြစ်ရန် အခွင့်အလမ်းနည်းပါးကြောင်း သုတေသနပြု တွေ့ရှိထားသည်ဟု သိရသည်။

လျော့နည်း

အသက် ၄၀အရွယ်တွင် ကိုယ်ထိလက်ရောက် အားကစားလေ့ကျင့်မှု စတင်လုပ်သူများအနေဖြင့် နှလုံးသွေးကြောပိတ်ရောဂါဖြစ်ရန် ၅၅ ရာခိုင်နှုန်းလျော့နည်းကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိထားသည်။

သတိပေး

သို့သော် ထိုမျှမြင်သာထင်သာသော အကျိုးကျေးဇူးများရှိနေသည့်ကြားမှပင် ဗြိတိန်နိုင်ငံရှိ ပြည်သူအများအပြားသည် ကိုယ်လက်လှုပ်ရှား အားကစားကို အလုံအလောက် မလုပ်ကြသေးသည်ကိုတွေ့ရကြောင်း အခြားသော သိပ္ပံပညာရှင်များက သတိပေးနှိုးဆော်လိုက်သည်။

ကိုယ်လက်လှုပ်ရှား

အဆိုပါ သုတေသနတွေ့ရှိချက်ကို "နှလုံး"ဂျာနယ်တွင် ဖော်ပြထားသည်။ ထိုမျှ အကျိုးရှိသည်ကို သိနေလျှင် အသက် ၄၀ အထိ စောင့်မနေဘဲ စောစောစီးစီး ကိုယ်လက်လှုပ်ရှားကြရန် ဗြိတိန်နှလုံးဖောင်ဒေးရှင်း ပြောရေးဆိုခွင့်ရှိသူ အလီဆန်ရောက သတိပေးနှိုးဆော်လိုက်သည်။

(ကိုးကား-အင်တာနက်)



ဇူလိုင် ၂၁ ရက်က အီဂျစ်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Mohamed Mohamed Minessy နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၇-၂၀၀၆ ရက်
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ ကုန်စည်တိုးပွား တွံတေးတံတား
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၈)
၁၃:၂၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၃၅ ၈။ **"လောကရဲ့အလှရတနာ"** ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချော ရတနာ၊ မေကဗျာ
၁၃:၅၀ ၉။ အတီးပြိုင်ပွဲ
၁၄:၀၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၂၀ ၁၁။ အမြဲစိမ်းနေမည့် အမြဲစိမ်း ရော်ဘာခြံ
၁၄:၃၀ ၁၂။ **"နင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၄၀ ၁၃။ နတ်သားတောရရေလှောင်တမံ
၁၄:၄၅ ၁၄။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၀၀ ၅။ အတီးပြိုင်ပွဲ
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၃၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ Discovery
၁၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၁၉:၀၀ ၁၂။ ရထိုက်အုတ်စက်(မူဆယ်)
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၁၅)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၃)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

မန္တလေး ကျုံးတော်မြို့ရိုးကို ထည်ဝါစွာတင်ပြခြယ်မှုန်းထား အလင်း၊ အရိပ်နှင့် အရောင်များ အနုပညာရသမြောက်စွာ ပုံဖော်နိုင်

❐ **ကျော်ဖုံးမှ**

ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ ဇနီးဖြစ်သူ ပန်းချီဆရာမ လွန်းမြမြက ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင်များအသင်း (ဗဟို) ပြခန်း၌ ခင်းကျင်းပြသထားရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ တစ်ခေါက် ရောက်ခဲ့ပြန်သည်။

"ကိုယ်တိုင်မြင်တွေ့ခံစားရသလို ပြည်သူတွေကိုလည်း ခံစားစေချင်လို့ပါ" ပန်းချီဆရာမ လွန်းမြမြ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကားချပ် ၅၃ ချပ်

ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၉ ရက်အထိ ခင်းကျင်းပြသထားသည့် **"ချစ်စရာ စုတ်ချက်များ"**ဟု အမည်ပေးထားသော ပန်းချီပြပွဲနှင့်ပတ်သက်၍ ပန်းချီဆရာမ လွန်းမြမြက "ဒီပန်းချီပြပွဲမှာ ပန်းချီကားပေါင်း ၅၃ ချပ် ပြသထားတယ်၊ ဆီဆေး ၄၄ ချပ်နဲ့ ရေဆေးပန်းချီကိုးချပ်ပါပြီး ဆီဆေး ၄၄ ချပ်မှာ ဓားနဲ့ရေးထားတဲ့ ပန်းချီကားက ခုနစ်ချပ်ပါတယ်။ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ ရှုခင်းမျိုးစုံကို မျက်မြင်တွေ့ရှိရတဲ့အတိုင်း ရေးဆွဲထားတာပါ။ ကိုယ်တိုင်မြင်တွေ့ခံစားရသလိုပြည်သူတွေကိုလည်း ခံစားစေချင်လို့ပါ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြင်ကွင်းအဖုံဖုံ

အရောင်အသွေးစုံစုံ၊ မြင်ကွင်းအဖုံဖုံကို ရှုမငြီးစရာအသွင်များဖြင့် ရေးဆွဲ ထားသည့် ပန်းချီကားများအနက် **"အင်းလေးကန်မှာ လှေလှော်ကြမယ်"**ဟု အမည်ပေးထားသော ပန်းချီကားကို လေ့လာမိသည်။ အင်းလေးကန်ဟိုတယ်ရှိ တံတားကို ညနေပိုင်း မြင်ကွင်းအနေဖြင့် တင်ပြထားပြီး ရေပြင်တွင် အေးအေးချမ်းချမ်း လှေလှော်နေသောသူများကိုပါ အမိအရထည့် သွင်းဖော်ပြထားသဖြင့် တံတား၊ အင်းလေးရေပြင်၊ ရေပြင်ပေါ်တွင် ထင်နေသော အရိပ်နှင့် လှေတို့မှာ ဖွဲ့စည်းမှုအားကောင်းလှသည်ဖြစ်ရာ တကယ့် အင်းလေးရေပြင်အလှကို ပေါ်လွင်စေလျက်ရှိသည်။ အပြာရောင်ကို အခြေခံ ပြီး အခြားအရောင်များကို ဟန်ချက်ညီညီ ပေါင်းစပ်ထားသည်မှာလည်း လိုက်ဖက်လှသည်။ ပန်းချီကားကောင်း တစ်ချပ်ပင်။

သဘာဝအလှ

သဘာဝအလှ ပန်းချီကားများအနက် နောက်ထပ်စိတ်ဝင်စားစရာကောင်းသည့် ပန်းချီကားမှာ **"သစ်ပင်ရိပ်များ"**ဟု အမည်ပေးထားသည့် ဆီဆေးပန်းချီကားပင်ဖြစ်သည်။ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားအသွား လမ်းပိုင်း

"အေးတဲ့ပုံရိပ်" ပန်းချီကားမှာလည်း သဘာဝအတိုင်း လှပနေသော မြင်ကွင်းတစ်ခုကို ကြည့်သူစိတ်တွင် အေးချမ်းမှုကို ဖြစ်ပေါ်စေသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တစ်နေရာ၏ မြင်ကွင်းပုံဖြစ်သည်။ ညီညာစွာပေါက်ရောက်နေသော သစ်ပင်များ၏ ပင်စည်နှင့်အကိုင်းများ၊ ၎င်းတို့၏အရိပ်များက လမ်းပေါ်ကျရောက်နေပုံများအား အလင်း၊ အရိပ်နှင့် အရောင်များကို အနုပညာရသမြောက်စွာ ပုံဖော်ထားခြင်းဖြစ်သည်။ သစ်ပင်များအား အစိမ်းရောင်၊ လမ်းအား နီညိုရောင်နှင့် အလင်းကို အဝါရောင်ဖျော့ဖျော့တို့ဖြင့် အလိုက်သင့် စုတ်ချက်ရဲရဲဖြင့် တင်ပြထားရာ ကိုယ်တိုင်လမ်းလျှောက်ချင်သည့် ဆန္ဒများပင် ဖြစ်ပေါ်မိစေသည့် ပန်းချီကားဖြစ်သည်။

ပန်းချီအတတ်

ထို့အပြင် **"လှေကလေးများ နားခိုရာ"**အမည်ရှိ ပန်းချီကားမှာ ပုဂံအနီး ဧရာဝတီမြစ်ကမ်းတွင် ဆိုက်ကပ်ထားသော ပေါင်းမိုးပါ လှေကလေးများ၏ပုံဖြစ်သည်။ သောင်ပြင်ကမ်းစပ်တွင် ဆိုက်ကပ်ထားသော လှေကလေးများ၊ လူများနှင့် ရေပြင်၊ ကမ်းစပ်၊ သောင်ခုံတို့မှာ ပြေပြစ်ညက်ညောသည့် စုတ်ချက်များဖြင့် အရောင်နုနုများကို မျှောပြီးသုံးထားရာ ပန်းချီဆရာမ လွန်းမြမြ၏ဖန်တီးမှု အတတ်နှင့် မြင်ကွင်းကို တင်ပြပုံတို့မှာ လေးစားစရာပင်ဖြစ်သည်။

ထည်ထည်ဝါဝါ

"ကျုံးတော်အလှ"ဟု အမည်ပေးထားသော ပန်းချီကားမှာ မန္တလေးမြို့ရှိ ကျုံးတော်မြို့ရိုး တစ်စိတ်တစ်ဒေသကို သစ်ပင်ကိုင်းလေးများကြားမှ ခြယ်မှုန်းထားခြင်းဖြစ်သည်။ မန္တလေးတောင်ကို နောက်ခံထားပြီး နံနက်ပိုင်းမန္တလေး ကျုံးမြို့ရိုး မြင်ကွင်းအား လိမ္မော်၊ အနက်၊ အဝါရောင်တို့ဖြင့် လက်ရာမြောက်စွာ လှုလှုပပရေးဆွဲထားခြင်းဖြစ်ရာ ပေါ်လွင်လျက်ရှိသည်။ မြန်မာတို့၏ ပြယုဂ်တစ်ခုဖြစ်သည့် မန္တလေး ကျုံးမြို့ရိုးမှာ ပန်းချီဆရာမလွန်းမြမြ၏ လက်ရာကြောင့် ထည်ထည်ဝါဝါနှင့်ရှိနေသည့် မြင်ကွင်းပင်ဖြစ်သည်။

"ကျုံးတော်အလှ"ပန်းချီကားမှာ မန္တလေးမြို့ရှိ ကျုံးတော် မြို့ရိုး တစ်စိတ်တစ်ဒေသကို ပန်းချီဆရာမ လွန်းမြမြက ဤသို့ ခြယ်မှုန်းထားသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဖန်တီးဖော်ပြ

မြန်မာနိုင်ငံတစ်ဝန်းမှ နေရာစုံ၊ မြင်ကွင်းစုံကို ပန်းချီအဖြစ် ဖန်တီးဖော်ပြရာတွင် တိုင်းရင်းသားတို့ ဈေးရောင်း၊ ဈေးဝယ်ပြုမှုကိုပါ ဖော်ကျူးထားသည့် **"ပအိုဝ်းဈေးရောင်းသူများ"** အမည်ရှိ ပန်းချီကားမှာ တစ်မျိုးတစ်ဘာသာဖြစ်သည်။ ရှမ်းပြည်နယ်ရှိ နန့်ပန်ဈေးအတွင်း ပအိုဝ်းတိုင်းရင်းသားများ ဈေးရောင်းနေပုံ ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသူကြီးတစ်ဦး၏ ဈေးရောင်းနေပုံကို အပေါ်စီးမြင်ကွင်းမှ ယူကာ ရေးဆွဲထားခြင်း ဖြစ်သည်။ အမြင်ဆန်းဆန်း၊ အရေးဆန်းဆန်းကို တွေ့မြင်ရသည်မှာ ထူးထူးခြားခြား ရှိလှသည်။

ပန်းချီဆရာမ လွန်းမြမြ၏ ဧရာဝတီမြစ် သောင်ပြင်ကမ်းစပ်တွင် ဆိုက်ကပ်ထားသော လှေကလေးများမြင်ကွင်းကို တင်ပြပုံတို့မှာ ဆန်းသစ်လှသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အေးချမ်းမှု

တစ်ဖန် **"အေးတဲ့ပုံရိပ်"** ဟု အမည်ပေးထားသော ပန်းချီကားတွင် သဘာဝအတိုင်း လှပနေသော မြင်ကွင်းတစ်ခုဖြစ်သည့် သစ်ပင်အုပ်ဆိုင်းဆိုင်း၊ ရေပြင်ပေါ်တွင် ထင်ဟပ်နေသော အရိပ်များကို အရောင်၊ အလင်းများဖြင့် နေရာမှန်မှန် လက်ရာသေသပ်ပျော့ပျောင်းစွာ အစိမ်းနှင့် အဝါရောင်များအား သုံးထားသည်မှာ ကြည့်သူစိတ်ဘဝင်တွင် အေးချမ်းမှုကို ဖြစ်ပေါ်စေသည်အထိ ဖြစ်ပေါ်လာရသည်။

သွားရောက်လေ့လာသင့်

မြန်မာ့ ပန်းချီဆရာတို့သည် အဆင့်အတန်းရှိသော၊ လက်ရာမြောက်သော၊ ခံစားမှုရသကို ပေးစွမ်းနိုင်သော ပန်းချီကားများကိုသာ ရေးဆွဲနေမှုမှာ ပန်းချီပြပွဲများ၌ ပြသလျက်ရှိသည့် ပန်းချီကားများက ဖော်ပြနေသည်ဖြစ်သည်။ ထိုသို့သော ပန်းချီကားများဖြင့် ခင်းကျင်းပြသထားသည့် ပန်းချီဆရာမ လွန်းမြမြ၏ **"ချစ်စရာ စုတ်ချက်များ"** ပန်းချီပြပွဲသို့ တစ်ခါတစ်ခေါက် သွားရောက်လေ့လာသင့်ပါကြောင်း ခံစားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပန်းချီဆရာမ လွန်းမြမြ၏ "အင်းလေးကန်မှာ လှေလှော်ကြမယ်" အမည်ပေးထားသော ပန်းချီကားမှာလည်း အင်းလေးရေပြင်အလှကို ပေါ်လွင်စေလျက်ရှိသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတော်စီးပွားရေးတိုးတက်အောင်၊ နိုင်ငံရေးရည်မှန်းချက်များပြီးမြောက်အောင်မြင်အောင် အသိစိတ်ဓာတ်ရှိရှိ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် မင်းတပ်–မတူပီ ကတ္တရာလမ်း ၁၀၂မိုင်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

✳ ရွှေဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ယနေ့သည် ချင်းပြည်နယ်(တောင်ပိုင်း)အတွက် အဓိကကျသည့် မင်းတပ်–မတူပီကားလမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းပြီးစီး၍ မင်္ဂလာရှိရှိ ကျင်းပသော လမ်းဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း၊ ၁၀၂မိုင်ရှိသည့် ဤလမ်းမကြီး၏ ပထမပိုင်းအဖြစ် မင်းတပ်မှ မိုင်တိုင်၅၀/၀အထိကို ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင် ဖွင့်လှစ်ပေးခဲ့ပြီး ယခုဒုတိယပိုင်းအဖြစ် မိုင်တိုင် ၅၀/၀မှ ၁၀၂မိုင် မတူပီကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

လမ်းမကြီးလေးသွယ်

ချင်းပြည်နယ်အတွင်းတွင် အဓိကဆက်သွယ်သည့် လမ်းမကြီး လေးသွယ်ရှိခဲ့ကြောင်း၊ ယင်းတို့မှာ ဟားခါး–ဂန့်ဂေါလမ်း၊ဟားခါး–မတူပီလမ်း၊ ကလေး–ဖလမ်း–ဟားခါးလမ်း၊ မင်းတပ်–မတူပီလမ်းတို့ပင် ဖြစ်ကြောင်း။

ခက်ခက်ခဲခဲ

ယင်းလမ်းများထဲက ယနေ့ဖွင့်လှစ်မည့် မင်းတပ်–မတူပီကတ္တရာလမ်း ၁၀၂မိုင်သည် ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်–မတူပီမြို့ကို ဆက်သွယ်ပေးမည့် လမ်းဖြစ်ကြောင်း၊ မတူပီမြို့၏ အဓိကထွက်ပေါက်ဖြစ်သကဲ့သို့ မတူပီ–ဟားခါးလမ်းပေါ်ရှိ ရေဇွာမြို့အတွက်လည်း အဓိကဆက်သွယ်ပေးမည့် လမ်းဖြစ်ကြောင်း၊ မင်းတပ်–မတူပီလမ်းသည် ၁၉၅၅ခုနှစ်ခန့်က စတင်ဖောက်လုပ်ခဲ့ကာ ၁၉၇၃ခုနှစ်တွင်မှ မြေလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သော်လည်း မြေလမ်းဖြစ်၍ ပွင့်လင်းရာသီသာ သွားလာနိုင်သည့်လမ်းဖြစ်ကြောင်း၊ ထိုကာလတွင် အသုံးမပြုနိုင်ကြောင်း၊ ထိုအချိန်က လမ်းသည် မြေသားအကျယ်အားဖြင့် ၁၆ပေခန့်သာရှိခဲ့ပြီး ကမ်းပါးယံများ မတ်စောက်ကာ အန္တရာယ်ကြီးစွာဖြင့် ခက်ခက်ခဲခဲ အသုံးပြုခဲ့သည့် လမ်းဖြစ်ကြောင်း။

ထို့ကြောင့် **နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က ချင်းပြည်နယ်လမ်းများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်လမ်းညွှန်ခဲ့သည့်အတိုင်း ပထမအဆင့်အနေဖြင့် ချင်းပြည်နယ်(တောင်ပိုင်း)မင်းတပ်မြို့ကို လွယ်လင့်တကူသွားလာနိုင်စေပြီး ကုန်စည်စီးဆင်းမှုကိုလည်း လိုအပ်သည့်အတိုင်း ပို့ဆောင်ပေးနိုင်သည့်အပြင် မကွေးတိုင်းအပါအဝင် အခြား ပြည်နယ်၊ တိုင်းများကပါ ကူးလူးဆက်သွယ်ပြီး စီးပွားရေး၊ လူမှုရေးများ တိုးတက်အောင် ပခုက္ကူ–ပေါက်–ကျောက်ထု–မင်းတပ်လမ်းကို လမ်းအင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တိုးတက်ဆောင်ရွက်ခဲ့ပြီး ၂၇–၁၁–၂၀၀၃ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ကြောင်း၊** ယခုဖွင့်လှစ်မည့် မင်းတပ်–မတူပီလမ်းကို ၁၂–၁၂–၂၀၀၄ရက်တွင် စတင်၍ လမ်းအင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင်ရန်အဖွဲ့(၄)ဖွဲ့ခွဲ၍ တာဝန်ပေးပြီး ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဤလမ်းကို အဆင့်မြှင့်ဆောင်ရွက်ပေးခဲ့သည့်အပိုင်းတွင် အခက်အခဲအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယခုလမ်းတွင် ယခင်က တစ်လမ်းသွားအဆင့်သာဖြစ်ပြီး ကျောက်ကမ်းပါးယံများ အလွန်မတ်စောက်၍ ယာဉ်တစ်စီးနှင့်တစ်စီးဆုံတွေ့ခဲ့လျှင် ရှောင်တိမ်းနိုင်ခြင်းမရှိသည့်အပြင် တစ်ဖက်ချောက်ကမ်းပါးများသည်လည်း ပေ၅၀၀၀မှ ပေ ၉၀၀၀အထိရှိသည့်အတွက် လွန်စွာခက်ခဲပြီး အဟန့်အတားအမျိုးမျိုးဖြစ်သော ကျောက်တောင်များပြိုခြင်း၊ မြေသားတောင်ကမ်းပါးယံများပြိုခြင်း၊ လမ်းနူတ်ခမ်းများပဲ့ကျခြင်း၊ မြေလမ်းအပိုင်းတွင်လည်း ယာဉ်ကြီး၊ ယာဉ်ငယ်များ ဗွက်နစ်၍ ရှေ့မတိုးနိုင် နောက်မဆုတ်နိုင် ရက်ကြာရှည်စွာနေပြီးမှ မတူပီကို ရောက်ရှိကြခြင်း ဖြစ်ကြောင်း။

ရက်ရှည်လများ အချိန်ကုန်ခဲ့

ဤလမ်းကို စတင်ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့် အထက်ကဖော်ပြသည့် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ရရုံမျှမက ကာယဉာဏ အလုပ်သမားဝန်ထမ်းများ၊ ကျန်းမာရေးချို့ယွင်းမှုများ၊ ဆေးကုသရေးနှင့် စက်ယာဉ်ယန္တရားများပြုပြင်နိုင်ရေးကို နောက်တန်းမှ စက်ပစ္စည်းပို့ရာတွင် ပေါက်–ကျောက်ထုအကြားရှိ တံတားများလည်း မပြီးသေးသည့်အတွက် ချောင်းကြီး၊ ချောင်းငယ်များကိုဖြတ်ကာ ရေအတက်အကျစောင့်၍ ရက်ရှည်လများစွာ အချိန်ကုန်ခဲ့ကြောင်း။

ဤသို့ အခက်အခဲမျိုးစုံတွေ့ရသော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်နှင့် ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူအတိုင်း ဆောက်လုပ်ရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများ၏ ခွဲ၊လုံ့လ၊စေတနာအပြည့်ဖြင့် အားပေးမှုကြောင့် ဤနေရာတွင် မင်းတပ်–မတူပီကားလမ်း၁၀၂မိုင်ကို မင်းတပ်မြို့မှ မတူပီမြို့အထိ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး ချင်းပြည်နယ် မင်းတပ်–မတူပီ ကတ္တရာလမ်း ၁၀၂မိုင်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မိမိဤနေရာတွင် တင်ပြလိုသည်မှာ ချင်းပြည်နယ်အတွင်း၌ ၁၉၈၈ခုနှစ်မတိုင်မီ လမ်းမိုင်အရှည်ပေါင်း ၆၉၅မိုင်သာရှိခဲ့ပြီး ယနေ့အချိန်အထိ တိုးတက်ဖောက်လုပ်ပြီးသည့် စုစုပေါင်းမိုင်အရှည်မှာ ၁၀၆၂မိုင် ဖြစ်၍ ချင်းပြည်နယ်အတွင်း၌ မိုင်းအရှည်ပေါင်း ၃၆၇မိုင် တိုးတက်ဖောက်လုပ် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ နိုင်ငံတော်အတွင်း ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတစ်ဝှမ်းပြည်နယ်၊ တိုင်းအသီးသီး၌ ပေ၁၈၀နှင့်အထက် တံတားပေါင်း၁၈၃စင်းကို တည်ဆောက်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း၊ ယင်းတံတားများအနက် ချင်းပြည်နယ်၌တည်ဆောက်ပေးခဲ့ကြောင်း၊ ချင်းပြည်နယ်၌ပထမဆုံးမှာ ဗားရ်တံတားဖြစ်ကြောင်း၊ ၎င်းတံတားသည် မဏိပူရ်မြစ်ကို ဖြတ်သန်းဆောက်လုပ်ထားခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ ဘေလီနှစ်လွှာတစ်ထပ်ဖြင့် တည်ဆောက်ပေးခဲ့ကာ အလျားပေ၃၄၀အရှည်ရှိကြောင်း၊ ၎င်းတံတားကို ၁၂–၁၂–၁၉၉၂ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၃–၃–၁၉၉၈ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ဘေလီကြိုးတံတား

နောက်တစ်စင်းက ကပ်တဲ တံတားဖြစ်ကြောင်း၊ တီးတိန်–ရိဒ်လမ်းပေါ်တွင် မဏိပူရ်မြစ်ကို ဖြတ်ကျော်၍ တည်ဆောက်ထားသည့် တံတားအမျိုးအစားက သံမဏိပေါင်ကြိုးတံတားဖြစ်ပြီး ပေ၄၄၀အရှည်ရှိကြောင်း၊ ၎င်းတံတားကို ၁–၄–၁၉၉၆ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၅–၄–၂၀၀၂ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ နောက်တံတား ဖြစ်သည့် မန်ဆွောင်းတံတားသည် တီးတိန်–ရိဒ်လမ်းပေါ်၌ မဏိပူရ်မြစ်ကို ဖြတ်ကျော် တည်ဆောက်ပေးထားသော တံတားဖြစ်ကြောင်း၊ ယင်းတံတားကို ၁၈–၁၂–၂၀၀၂ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀–၃–၂၀၀၅ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ၎င်းတံတားအမျိုးအစားသည် ဘေလီကြိုးတံတားအမျိုးအစားဖြစ်ပြီး အရှည်အားဖြင့် ပေ၄၆၀ဖြစ်ကြောင်း။

ယခင်ကဆိုလျှင် အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း မင်းတပ်နှင့် မတူပီအကြားခရီးလမ်းသည် ခက်ခက်ခဲခဲပင်ပင်ပန်းပန်း ညအိပ်သွားရသော ခရီးကြမ်းမျိုးဖြစ်ကြောင်း၊ ယခုဆိုလျှင် ညအိပ်ရန်မလိုတော့ဘဲ လွယ်လင့်တကူ မတူပီ–မင်းတပ်မှ ပခုက္ကူအထိ နေ့ချင်းပေါက်သွားလာနိုင်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းကိစ္စအဝဝကို ဆက်သွယ်ဆောင်ရွက်ရာတွင် မြန်ဆန်ချောမွေ့သွားပြီဖြစ်ကြောင်း။

အံ့မခန်းတည်ဆောက်ပေးနေ

နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်မှုအရ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး တစ်ပြိုင်တည်းမျှမျှတတ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာရန်၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြဲ့နိမ့်မြင့်ကွာဟချက်များသည် လျော့နည်းကျဆင်းလာစေရန်၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအထိအတွေ့ အဆက်အဆံများပြီး ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်နိုင်ရန်စသော မျှော်မှန်းချက်များအတွက် အထောက်အကူဖြစ်စေမည့် လမ်း၊ တံတားလုပ်ငန်းများကို နိုင်ငံတော်အစိုးရသည် ကိုယ့်ခွန်ကိုယ့်အားကိုယ်ပိုင်အတတ်ပညာကို အခြေခံပြီး တစ်ခုပြီးတစ်ခု တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်၌ တည်ဆောက်နေသကဲ့သို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်စသည့် အခြားပြည်နယ်၊ တိုင်းများ၌လည်း ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ သဘော်ဆိပ်ခံတံတားများ၊ မြစ်ကူး ချောင်းကူးတံတားများကို အံ့မခန်းတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ဆောက် လုပ်ရေး ဝန် ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ချင်းပြည်နယ် မင်းတပ်–မတူပီ ကတ္တရာလမ်း ၁၀၂မိုင်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ချင်းပြည်နယ်(တောင်ပိုင်း)၏အဓိကဖြစ်သည့် ယခုလမ်းမကြီးနှင့် ဆက်စပ်ပြီး ပခုက္ကူဒေသနှင့် သွားလာမှုလမ်းကြောင်း လွယ်ကူသွားအောင် မင်းတပ်–ကျောက်ထု–ပေါက်လမ်းကို အဆင့်မြှင့်တင်ပေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မင်းတပ်နှင့်ပခုက္ကူသည် အနေနီးသကဲ့သို့ ခရီးလည်းနီးသွားပြီး နေ့ဝက်ခရီးဖြင့် သွားလာနိုင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်(တောင်ပိုင်း)သည် ပခုက္ကူဒေသမှတစ်ဆင့် ဧရာဝတီမြစ်ကူးတံတားဖြစ်သည့် အနော်ရထာတံတားကြီးမှတစ်ဆင့် ပြည်နယ်၊ တိုင်းအားလုံးနှင့် လွယ်ကူမြန်ဆန်စွာ ဆက်သွယ်ရောင်းဝယ်သွားလာနိုင်ပြီဖြစ်ကြောင်း။

လွယ်လွယ်ကူကူခရီးပေါက်

အလားတူပင် ချင်းပြည်နယ်(မြောက်ပိုင်း)သည်လည်း ဟားခါး–ဂန့်ဂေါထွက်ပေါက်၊ ကလေး–ကလေးဝ–ယာကြီး–မုံရွာထွက်ပေါက်တို့မှ တစ်ဆင့် အခြားပြည်နယ်၊ တိုင်းများကို လွယ်လွယ်ကူကူ ခရီးပေါက်နေပြီဖြစ်ကြောင်း။

ပံ့ပိုးကူညီအားပေး

ချင်းပြည်နယ်၏ဝမ်းစာဖူလုံရေးအတွက် စပါးတိုးချဲ့စိုက်ပျိုးရေး၊ အစေ့ထုတ်ပြောင်းတိုးချဲ့စိုက်ပျိုးရေးတို့ကို တိုက်တွန်းအားပေးနေသကဲ့သို့ အမယ်သစ်သီးနှံဖြစ်သည့် လက်ဖက်စိုက်ပျိုးမှုကိုလည်း လက်ဖက်ပြည်နယ်ဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ဖြင့်ပံ့ပိုးကူညီအားပေးနေသကဲ့သို့ တစ်ဖက်ကလည်း ပိုးမွေးမြူရေးကို အားပေးနေခြင်းဖြစ်ကြောင်း။

ထို့အတူ ဒေသအခြေအနေအရ ဖြစ်မြောက်နိုင်အားရှိသည့် နွားနောက်မွေးမြူရေးလုပ်ငန်းကိုလည်း ဘက်စုံမှအားပေးနေသည်ကို ကိုယ်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ချင်းပြည်နယ်သည် အနာဂတ်အလားအလာကောင်းသော ပြည်နယ်အဖြစ် ပြည်နယ်သူ ပြည်နယ်သားများ ကြိုးစားလျှင် ကြိုးစားသကဲ့သို့ မြန်မြန်ဆန်ဆန်၊ ခိုင်ခိုင်မာမာရပ်တည်လာနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက တာဝန်ကျေကျေ၊ အစွမ်းကုန်လိုအပ်သော အခြေခံအုတ်မြစ်များကို ထူထောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ဖန်တီးပေးထားသည့် အခြေအနေကောင်းများကို ချင်းပြည်နယ်မှ ပြည်သူများက ထိထိရောက်ရောက် အသုံးချပြီး မိသားစုဝင်ငွေတိုးတက်ရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန်ပင် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုကဲ့သို့ မင်းတပ်-မတူပီလမ်းကို အဆင့်မြှင့်ဖောက်လုပ်ဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က မင်းတပ်နှင့် မတူပီကို အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ရပြီး ငါးရက်နီးပါးသွားခဲ့ရာမှ ယခုအချိန်တွင် ခြောက်နာရီခန့်ဖြင့် သွားလာနိုင်ပြီဖြစ်သကဲ့သို့ မတူပီမှ မင်းတပ်၊ ပခုက္ကူအထိကိုလည်း နေ့ချင်းပေါက် အန္တရာယ်အနည်းဆုံးဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း။

မြင့်မားတိုးတက်

ထို့အပြင် မင်းတပ်-မတူပီလမ်းသည် ယခင်က မိုးတွင်းတွင် အဆက်အသွယ်ပြတ်နေပြီဖြစ်သော်လည်း ယခုအခါ မင်းတပ်-မတူပီလမ်းကို ပုဂ္ဂလိက လိုင်းကားအပြင် မတူပီနှင့် ပခုက္ကူကို နေ့စဉ်လိုင်းကား ရှစ်စီးသည် တစ်နေ့နှစ်စီး အမြဲတမ်းသွားလာနေပြီဖြစ်သည့်အတွက် ဤမြို့နယ်နှစ်ခုက ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၅ အုပ်စု၊ ကျေးရွာပေါင်း ၂၀၃ ရွာက ဒေသခံပြည်သူကိုးသောင်းနီးပါးအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အဆင့်မြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ အထူးမှာကြားလိုသည်မှာ ချင်းပြည်နယ် ပြည်သူများကလည်း နိုင်ငံတော်၏ စီးပွားရေးတိုးတက်အောင်၊ နိုင်ငံရေးရည်မှန်းချက်များ ပြီးမြောက်အောင် အသိစိတ်ဓာတ်ရှိရှိ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်သွားကြပါ၊ ယခုဖောက်လုပ်ပြီးစီးခဲ့သည့်လမ်းပိုင်းကို ဒေသခံပြည်သူများအနေဖြင့် ပျက်စီးယိုယွင်းမသွားရလေအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အန္တရာယ်ကြီး

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်အတွင်း၌ အဓိကဆက်သွယ်သည့် လမ်းမကြီးလေးသွယ်ရှိကြောင်း၊ ၎င်းတို့မှာ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊မင်းတပ်-မတူပီလမ်းတို့ဖြစ်ကြောင်း။

ယင်းလမ်းများထဲက ယနေ့ဖွင့်လှစ် မည့် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင်သည် ချင်းပြည်နယ်(တောင်ပိုင်း)မင်းတပ်မြို့မှ မတူပီမြို့အထိ ကတ္တရာလမ်းအပြည့် ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ မင်းတပ်-မတူပီလမ်းသည် ၁၉၅၅ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၈၈ ခုနှစ် မတိုင်မီအထိ မြေလမ်းအဖြစ်သာရှိခဲ့ပြီး ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သည့် လမ်းဖြစ်ကြောင်း၊ လမ်းအကျယ်သည်လည်း ၁၆ ပေခန့်သာရှိခဲ့ပြီး ကမ်းပါးယံများမတ်စောက်ကာ အန္တရာယ်ကြီးစွာဖြင့် ခက်ခက်ခဲခဲ သွားလာအသုံးပြုခဲ့ရသောလမ်းဖြစ်ကြောင်း။

မင်းတပ်-မတူပီလမ်းကို ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းဆောက်လုပ်ရေးအဖွဲ့များဖြစ်သော မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့၊ ရန်ကုန်-မန္တလေးအမြန်လမ်းစီမံကိန်းအဖွဲ့၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၂)၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၆) တို့ဖြင့် အပိုင်းလိုက်တာဝန်ယူဆောင်ရွက်ခဲ့ကြကြောင်း၊ မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် မင်းတပ်-မတူပီလမ်း မိုင် ၀/၀ မှ ၂၀/၀ အထိလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်းအဖွဲ့အနေဖြင့် မင်းတပ်-မတူပီလမ်းမိုင် ၂၀/၀ မှ ၇၀/၀ အထိလည်းကောင်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၂)အနေဖြင့် မင်းတပ်-မတူပီလမ်း မိုင် ၇၀/၀ မှ ၈၈/၀ အထိလည်းကောင်း၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)အနေဖြင့် မင်းတပ်-မတူပီလမ်းမိုင် ၈၈/၀ မှ ၁၀၂/၀ အထိလည်းကောင်း တာဝန်ယူ၍ လမ်းတာချဲ့ခြင်း၊ အမာခံ ကျောက်လမ်းခင်းခြင်း၊ ရေထုတ်ပြွန်များ တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်း အဖွဲ့လိုက်၊ အပိုင်းလိုက် ဆောင်ရွက်ခဲ့ကြကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အခက်အခဲများကို ကျော်လွှားပြီး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လမ်းဆောက်လုပ်ရေးအဖွဲ့များကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အသုံးပြုသွားလာကြမည့် ဒေသခံပြည်သူများအားလုံးကလည်း လမ်းရေရှည် တည်တံ့ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း အသုံးပြုဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကား ပြောကြား

ချင်းပြည်နယ် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား တိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ချက်အနေဖြင့် မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂ မိုင်ကို ယနေ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

မင်းတပ်-မတူပီလမ်း

၁၉၈၈ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံး လမ်းမိုင်ပေါင်း ၁၃၆၃၅ မိုင်သာရှိရာက ယခုဆိုလျှင် ၁၉၀၂၁ မိုင်ရှိလာပြီဖြစ်၍ ၅၃၈၅ မိုင်တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း၌ဆိုလျှင်လည်း ယခင်က ၆၉၅ မိုင်သာရှိပြီး ယခုဆိုလျှင် ၁၀၆၂ မိုင်ရှိလာပြီဖြစ်၍ ၃၆၇ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကာ ယခင်က ကတ္တရာလမ်း မိုင် ၄၀ သာရှိခဲ့ရာ ယခုဖွင့်လှစ်သည့် မင်းတပ်-မတူပီလမ်းပါဆိုလျှင် ကတ္တရာလမ်း စုစုပေါင်း မိုင် ၂၅၀ အထိ ရှိလာပြီဖြစ်ကြောင်း။

ချင်းပြည်နယ်၌ အဓိကလမ်းမကြီး လေးလမ်းရှိရာ ယင်းလမ်းများမှာ ဟားခါး-ဂန့်ဂေါလမ်းကတ္တရာ ၁၄ မိုင်၊ ကျောက်လမ်း ၅၆ မိုင်၊ စုစုပေါင်း မိုင် ၇၀၊ ဟားခါး-မတူပီလမ်း ကတ္တရာ ၂ မိုင်-ကျောက်လမ်း ၃၆ မိုင်၊ မြေလမ်း ၁၃၅ မိုင် စုစုပေါင်း ၁၇၃ မိုင်၊ ကလေး-ဖလမ်း-ဟားခါးလမ်း ကတ္တရာ ၉၅ မိုင်၊ ကျောက်လမ်း မိုင် ၂၀ စုစုပေါင်း ၁၁၅ မိုင်၊ မင်းတပ်-မတူပီလမ်း ကတ္တရာ ၁၀၂ မိုင် စုစုပေါင်း ၁၀၂ မိုင်တို့ပင်ဖြစ်ကြောင်း။

အဆင့်တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်က ချမှတ်ပေးသည့်မူအရ ယခုနှစ်ကစ၍ လမ်းနှစ်ဖြစ်သည်နှင့်အညီ ကျန်လမ်းမကြီးများကိုလည်း မြေလမ်းကနေ အမာခံလမ်း၊ အမာခံလမ်းကနေ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းကနေ ကတ္တရာလမ်းအဖြစ် အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဟားခါး-ဂန့်ဂေါလမ်းကိုလည်း ယခု မင်းတပ်-မတူပီလမ်းကဲ့သို့ပင် ရာသီမရွေး သွားလာနိုင်အောင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရန် ယခုကပင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

လမ်းနှစ်ဖြစ်၍ လမ်းကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သော်လည်း တံတားလုပ်ငန်းများကိုလည်း လိုအပ်ချက်ပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခါ ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်၌ ရှိသည့် ဗားရ်တံတားကို ဘေလီတံတားအဆင့်က သံမဏိသံပေါင်တံတားအဖြစ် အဆင့်မြှင့်ဆောင်ရွက်လျက်ရှိရာ မကြာမီဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ မင်းတပ်-မတူပီလမ်းပေါ်၌ရှိသည့် တံတားများကိုလည်း တဖြည်းဖြည်း အဆင့်မြှင့် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း။

မြင့်မားတိုးတက်

ယနေ့ မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂ မိုင်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်၍ ယခင်က ငါးရက်နီးပါးသွားခဲ့ရသည့်ခရီးကို ခြောက်နာရီဖြင့် အရောက်သွားနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်(တောင်ပိုင်း)၌ရှိသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အဆင့်မြင့်မား တိုးတက်လာတော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုဖွင့်လှစ်ပေးခဲ့သော မင်းတပ်-မတူပီ လမ်းမကြီး မပျက်စီးဘဲ ရေရှည်အသုံးပြုနိုင်အောင် အားလုံးက အသိရှိရှိဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မင်းတပ်-မတူပီ ကတ္တရာလမ်းကို ဖောက်လုပ်ပေးသဖြင့် နိုင်ငံတော်အား ကျေးဇူးတင်ရှိပါကြောင်းကို ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား တိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဧည့်သည်တော်များသည် မင်းတပ်-မတူပီလမ်းဖွင့်ပွဲ ကမ္ပည်း မော်ကွန်းကျောက်စာတိုင် ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မင်းတပ်-မတူပီလမ်းဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ မင်းတပ်-မတူပီ ကတ္တရာလမ်း မုခ်ဦး(၁)အပိုင်းကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် လမ်းဖွင့်ပွဲမုခ်ဦး၌ တိုင်းရင်းသားပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖွင့်လှစ်လိုက်သော မင်းတပ်-မတူပီ ကတ္တရာလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ လမ်းဖွင့်ပွဲအပိုင်း(၂)ဆက်လက်ကျင်းပမည့် မင်းတပ်-မတူပီ ကတ္တရာလမ်း မိုင်တိုင်အမှတ် ၇၀/၀ သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်သွားရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင် မုခ်ဦး(၂) ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မိုင်တိုင် ၇၀/၀ မုခ်ဦး(၂)၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေး ၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ချင်းပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်တို့က ဖဲကြိုးဖြတ်၍ မုခ်ဦး(၂)ကို ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လမ်းကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ဖွင့်လှစ်မည့် မင်းတပ်-မတူပီ ကတ္တရာလမ်း မိုင်တိုင်(၅၆/၀)ရှိ မုခ်ဦး(၃)သို့ ထွက်ခွာကြသည်။

ထို့နောက် မင်းတပ်-မတူပီ ကတ္တရာလမ်း မုခ်ဦး(၃) ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီတွင် မိုင်တိုင်အမှတ် (၅၆/၀) တွိဒိန်ကျေးရွာရှိ မုခ်ဦး(၃)ရှေ့၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ချင်းပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်တို့က မုခ်ဦး(၃)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မုခ်ဦး(၃)ရှေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အရှည် ၁၀၂ မိုင်

ယခုဖွင့်လှစ်လိုက်သော မင်းတပ်-မတူပီကတ္တရာလမ်းသည် အရှည် ၁၀၂ မိုင် ရှိပြီး ၂၀၀၅- ၂၀၀၆ ခုနှစ်တွင် မိုင်တိုင် (၀/၀)မှ(၅၀/၀)အထိကို ကတ္တရာလမ်းဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၀၆-၂၀၀၇ ခုနှစ်တွင်ကျန်ရှိသော မိုင်တိုင် (၅၀/၀) မှ (၁၀၂/၀)အထိ ကတ္တရာလမ်း ၅၂ မိုင်ကို ဆက်လက်ဖွင့်လှစ်ခဲ့ရာ မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင်လုံးကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သည်။

တာဝန်ယူဖောက်လုပ်

အဆိုပါ မင်းတပ်-မတူပီကတ္တရာလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်-မန္တလေးအမြန်လမ်းစီမံကိန်းအဖွဲ့၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)နှင့် (၁၆)၊ မတူပီမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က အပိုင်းလိုက် တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်တို့ မင်းတပ်- မတူပီ ကတ္တရာလမ်း မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ခရီးစရိတ်သက်သာစွာ စီးနင်းရန် လမ်းပန်းဆက်သွယ်မှုအထောက်အကူ ဖြစ်စေရေး ဦးစားပေးဆောင်ရွက် ပါရမီတက္ကစီယာဉ်များ တစ်မိုင်လျှင် ငွေကျပ် ၁၀၀ ဖြင့် ပြေးဆွဲပေးမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမရှေ့၌ ပြသသည့် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးမည့် စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံး ပါရမီတက္ကစီယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တွင်း ဈေးနှုန်းသက်သာစွာဖြင့် ပြေးဆွဲမည့် Hyundai Motor Company မှ ထုတ်လုပ်သည့် Sonata III အမျိုးအစား စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံး ပါရမီတက္ကစီများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မော်တော်ယာဉ်များအား စီအင်န်ဂျီပြောင်းလဲပြီးစီးမှုအခြေအနေ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်စီးခနှုန်းသက်သာစွာဖြင့် စီးနင်းနိုင်ရန် စီစဉ်ထားရှိမှုအခြေအနေ၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာနှင့် အဆင်ပြေချောမွေ့စွာ စီးနင်းနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် မော်တော်ယာဉ်လိုင်းတို့ ပူးပေါင်းစီမံဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အလေးထား

ယင်းနောက် တိုင်းမှူးက ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ခရီးစရိတ်သက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ စီးနင်းနိုင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အထောက်အကူဖြစ်စေရေးအတွက် အလေးထား ဦးစားပေးဆောင်ရွက်ကြရန် မှာကြားသည်။

ပါရမီတက္ကစီယာဉ်များ၏ ယာဉ်စီးခနှုန်းထားမှာ တစ်မိုင်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီမှစတင်၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ပါရမီအဝေးပြေးယာဉ်ရပ်နားစခန်းမှ ထွက်ခွာပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှတွင် အယဉ်ဆင့်၍ ဝင့်ထည်လာသည့် မိုင်းလားမြေ

မြင့်စိုး (နတလ)

(၁)

နယ်စပ်ဒေသများ၏ ၁၉၈၉ခုနှစ် မတိုင်မီ ယခင်အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်နေသည့် ယခုအခြေအနေအား ရိုက်ကူးထားသည့် ဓာတ်ပုံများကို နှိုင်းယှဉ်ကြည့်မိလေတိုင်း ဝမ်းသာပီတိဖြစ်ရသည်။ မုဒိတာပွားရသည်။ တကယ်တော့ ၁၉၈၉-၉၀ ခုနှစ်များတွင် ရိုက်ကူးဖြစ်ခဲ့ကြသော မှတ်တမ်းဓာတ်ပုံများသည် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏သမိုင်း အစပင်မဟုတ်ပါလား။ လွန်ခဲ့သော ငါးနှစ်ခန့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းဖြစ်သည့် ဦးသန်းအောင် (ဓာတ်ပုံ-သန်းအောင် ပြန်/ဆက်)ထံမှ ဓာတ်ပုံဟောင်းအချို့ ရခဲ့ဖူးသည်။ ဆရာတို့ဌာနအတွက် အသုံးတည့်ချင်တည့်ပါလိမ့်မည်ဟုလည်း ပြောသေး၏။ သူပေးခဲ့သော ဓာတ်ပုံများသည် အမှန်တကယ်ပင်ဟောင်း၍ ကောင်းနေသော တန်ဖိုးရှိသောဓာတ်ပုံများ ဖြစ်လာခဲ့သည်။

၁၉၉၀ပြည့်နှစ်အတွင်း UNDP အဖွဲ့များနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နမ့်တစ်ဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားဒေသနှင့် ဆီလူးဒေသများသို့အသွား လိုက်ပါ မှတ်တမ်းတင်ထားသော ပုံများဖြစ်သည်။ ထိုစဉ်က နမ့်တစ်သည် ရွာငယ်ကလေး တစ်ရွာမျှသာ။ ရွာအဝင်လမ်းတွင် ရွှံ့နှံ့ထူပြောနေသော ဗွက်အိုင်ထဲ၌ ကားတစ်စီး ဗွက်နစ်နေ၍ ဝိုင်းတွန်းနေရပုံ၊ အိမ်ခြေ ဆယ့်လေးငါးအိမ်လောက်နှင့် တွေ့ရသော နမ့်တစ်ရွာကလေးပုံတို့ကို သူရိုက်ခဲ့သည်။ မိုင်းလားခရီးစဉ်မှာလဲ ထိုကဲ့သို့ပင် ရွာအဝင် ချောင်းကလေးပေါ်ရှိ ဝါးတံတားလေးမှ အထူးဒေသ(၄)တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် ညှိသည်များ ဖြတ်ကူးနေပုံ၊ ဆီလူးသို့အသွား ကျေးရွာလူထုက ဝမ်းပန်းတသာ ကြိုနေကြပုံစသည်ဖြင့် မှတ်တမ်းတင် ရိုက်ကူးထားသည်။ အချိန်ကာလအားဖြင့်ဆိုလျှင် ၁၆နှစ်တိုင်ခဲ့ပြီ။ ယင်း ၁၆နှစ်အတွင်း နမ့်တစ် ရွာကလေးသည်လည်းကောင်း၊ မိုင်းလားရွာကလေးသည်လည်းကောင်း မြို့အဖြစ်သို့ ပြောင်းလဲခဲ့ပြီ။ ဖွံ့ဖြိုးဝေစည်ခဲ့ပြီ။ ထိုစဉ်က ဗွက်နစ်နေသောနမ့်တစ်ရွာအဝင် လမ်းကလေးသည်ပင် မြို့အဝင်ကတ္တရာလမ်းအဖြစ် ပြောင်းလဲခဲ့ပြီ။ ယခင် မိုင်းလားကျေးရွာနှင့် ချောင်းကူးဝါးတံတားလေး မြင်ကွင်းနေရာ၌ ရွှေပြည်တံတားနှင့် မိုင်းလားမြို့တို့က ခံ့ခံ့ထည်ထည် ဝင်ရောက်နေရာယူခဲ့ပြီတည်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့တွင် ပထမဦးဆုံး ဖွင့်လှစ်ခဲ့သော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကို ဤသို့တွေ့ရသည်။

(၂)

သံလွင်ဦးမှာ ဖူးတဲ့ပန်း

*** မြစ်သံလွင် ကမ်းနဖူးမှာတဲ့
ပန်းဦးတဝေဝေပေါ့
နောင်ညီဆွေ အမြင်သစ်တွေနဲ့
ကြင်ချစ်စွာ ညီညွတ်ပန်းရယ်ကြောင့်
ရှမ်းမြေမြင့် အလှစုံ
နတ်ဘုံတမျှ ထင်မိမှား။**

*** လှမ်းခဲ့ပါဆွေ
ပန်းနွဲ့ညှာ အတူခြွေလို့
သံလွင်ရေအတူသောက်စို့ရဲ့
တစ်ယောက်လက် တစ်ယောက်ထွေး
မပျောက်ပျက် အချစ်သွေးတွေနဲ့
ချစ်တေးဆို ညီညာလှမ်းကြမယ်
ပန်းချစ်သူများ။**

၁၉၉၇ခုနှစ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်အရ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီ၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသသို့ ပြန်ကြားရေးအဖွဲ့များ သွားရောက်ခဲ့ကြသည်။ ထိုခရီးစဉ်အတွင်း ရိုက်ကူးခဲ့သော မှတ်တမ်းတိပ်ခွေများကို အသုံးပြု၍ မြန်မာ့ရုပ်မြင်သံကြား၌ **"သံလွင်ဦးမှာ ဖူးတဲ့ပန်း"** အမည်ဖြင့် အစီအစဉ်တစ်ခုတည်းဖြတ်ထုတ်လွှင့်ခဲ့သည်။ ထိုအစီအစဉ်ထဲတွင် ထည့်သွင်းအသုံးပြုရန် ဆရာ မြင်းမူမောင်နိုင်မိုးထံမှ အထက်ပါ ကဗျာလေးကို လက်ဆောင်ရခဲ့၏။

၁၉၉၇ခုနှစ်၌ မိုင်းလားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် အမြင့်မားဆုံးအချိန်သို့ ရောက်ရှိနေပေပြီ။ ဒွေနာဂရရွှေစေတီ၊ ငြိမ်းချမ်းအေးစေတီ၊ နဂါးဖြူစေတီ၊ ကျောင်းတော်မူဘုရား၊ ဗုဒ္ဓဝင်ပြခန်းတို့ဖြင့် သာသနာရောင်ဝါ နေသို့လင်းခဲ့သည်။ မိုင်းလား အလက (ယခု အထက)၊ ပြည်သူ့ဆေးရုံယခု(ခုတင်-၅၀)၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ ဝမ်တုံဆည်၊ ကြယ်လင်းရောင် သတင်းစာတိုက်များက မြို့ကျက်သရေဆောင် ဖြစ်ခဲ့သည်။ ကျောက်မျက်ပြခန်း၊ မိုင်းလားမြို့မ ဈေးသစ်ကြီးတို့မှာ တည်ဆောက်နေဆဲ၊ ဟိုတယ်၊ မိုတယ်လုပ်ငန်းများက စတင်အရှိန်ယူနေပြီ ဖြစ်သည်။ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ကြီးကလည်း မိုင်းလားမြို့အတွက်သာမက ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) နယ်မြေတစ်ခုလုံးအတွက်ပါ ဂုဏ်ယူစရာဖြစ်ခဲ့သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) နယ်မြေတစ်ခုလုံး ဘိန်းပပျောက်သည့် နယ်မြေ (Opium Free Zone)အဖြစ် ၁၉၉၇ခုနှစ် ဧပြီလ၌ ကမ္ဘာသိကြေညာနိုင်ခဲ့၏။ ငြိမ်းချမ်းရေး ရယူပြီးချိန်မှစ၍ ခြောက်နှစ်စီမံကိန်းချမှတ်ကာ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းအရှိန်အဟုန်သည် ယနေ့ထိ အားကောင်းဆဲပင်။ ဆီလူးဒေသ၊ မိုင်းမဒေသများ၌ ဘိန်းအစားထိုး နှစ်ရှည်သီးနှံ လိုက်ချီး၊ နှင်းသီး၊ လိမ္မော်စိုက်ခင်းကြီးများ၊ လက်ဖက်စိုက်ခင်းကြီးများ တစ်ရှူးငှက်ပျော စိုက်ခင်းကြီးများ၊ သရက် စိုက်ခင်းကြီးများကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးလျက် ပြည်ပပို့ကုန်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

(၃)

ယနေ့အချိန်အခါ၌ မိုင်းလားအပါအဝင် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မှာ လွန်စွာမြန်ဆန်လျက် ရှိပေသည်။ ထိုအခြေခံကောင်းများကို မည်သို့ထိန်းသိမ်းမည်နည်း။ မည်သူတို့က ဆက်လက်ပုံဖော်ကြမည်နည်း။ နယ်စပ်ဒေသများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ကြိုးပမ်းထမ်းဆောင်ကြမည့်သူများမှာ ထိုဒေသများရှိ တိုင်းရင်းသားလူငယ်များပင် ဖြစ်သည်။ နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသများ၌ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းနေစေရန် ရည်သန်၍ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၃၄ကျောင်း၊ရန်ကုန်နှင့်မန္တလေးမြို့များ၌ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုတို့ကို ဖွင့်လှစ်သင်ကြား ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများသည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူခွင့် ရကြမည်ဖြစ်သည်။ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ အနေဖြင့်လည်း နယ်စပ်ဒေသနေ တိုင်းရင်းသူကလေးများ၏ ဘဝလုံခြုံစိတ်ချစွာ ရပ်တည်ရေး၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လေ့ကျင့် ပျိုးထောင်ပေးလျက်ရှိသည်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ သင်တန်းဆင်း လူငယ်များအား ဝန်ကြီးဌာန အသီးသီးတွင် ခွဲဝေတာဝန်ပေးအပ်ကာ မိမိတို့ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်များကိုပါ ပါဝင်ထမ်းရွက်နေကြပြီ ဖြစ်သည်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) နှင့်(မန္တလေး)တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာ ရရှိသူ သင်တန်းဆင်းကျောင်းသားများကို နှစ်စဉ်မွေးထုတ်လျက်ရှိရာ ၎င်းတို့အထဲမှ B.Tech သင်တန်းတက်ရောက်ရန် အဆင့်မီသူများ၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ အရည်အချင်းစစ်သင်တန်းတက်ရောက်ရန် အဆင့်မီသူများအား အဆင့်မြင့်ပညာများ ဆက်လက်သင်ယူခွင့်ရရှိရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဆက်လက်စီစဉ် ဆောင်ရွက်ပေးခဲ့သည်။ သို့ဖြစ်ပေရာ မကြာမီကာလတွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များအနေဖြင့် မဟာဘွဲ့၊ ပါရဂူဘွဲ့များ ရရှိနိုင်မည့် အလားအလာ အခွင့်အလမ်းကောင်းများကို တွေ့မြင်နေရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့၌ ၂၀၀၆ခုနှစ် ဇူလိုင်လ ၉ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ မိုင်းလားမြို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းသင်တန်းကျောင်းသည် နယ်စပ်ဒေသများထဲတွင် ပထမဦးဆုံးစတင်ဖွင့်လှစ်ခဲ့သောကျောင်းလည်း ဖြစ်ပေသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ဘုန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်း၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဒေသ (၄)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဤသို့ကျင်းပခဲ့သည်။

၎င်းသင်တန်းကျောင်းတွင် သင်တန်းအမျိုးအစားသုံးမျိုး ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အခြေခံအဆောက်အအုံသင်တန်း၊ လျှပ်စစ်နှင့် ဂဟေသင်တန်း၊ စက်ပြင်သင်တန်းတို့ ပါဝင်သည်။ ယခုဖွင့်လှစ်သော သင်တန်းများ၌ သင်တန်းသား ၃၈ဦး တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်သည့် ကုန်ကျစရိတ်မှာလည်း အခမဲ့ဖြစ်၍ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအပေါ် ထားရှိသောစေတနာ၊ အနာဂတ် နယ်စပ်ဒေသများအပေါ် ထားရှိသော မျှော်မှန်းချက်တို့ကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရပေမည်။

မိုင်းလားဒေသသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် လင်းလက်တောက်ပခဲ့သော ငြိမ်းချမ်းရေးရှေ့ဆောင်ကြယ်တစ်ပွင့် ဖြစ်တည်ခဲ့သည့် ဘူမိနက်သန်မြေ၊ နယ်စပ်ဒေသများထဲတွင် ပထမဦးဆုံး ဘိန်းပပျောက်သည့် ဒေသ(Opium Free Zone) အဖြစ် ကမ္ဘာသိကြေညာခဲ့သော နေရာဖြစ်ခဲ့သည်။ ငြိမ်းချမ်းရေး၏ အသီးအပွင့်၊ ဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို အရှိန်အဟုန် ပြင်းပြင်းဖြင့် ဆောင်ကြဉ်းနိုင်ခဲ့သော နေရာလည်းဖြစ်ခဲ့သည်။ ထိုသို့သော နေရာမျိုးတွင် ပထမဦးဆုံးသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းဖွင့်လှစ်နိုင်ခြင်းသည် မိုင်းလားဒေသကို အလှတွင် အယဉ်ဆင့်ပါလို့ ဂုဏ်ဝင့်စေခဲ့ပြီ မဟုတ်ပါလား။ ။

● **ရှေ့ဖုံးမှ**

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် တောင်ကြီး-ဟိုပုန်း-မိုင်းပွန် ပြည်ထောင်စုလမ်း မိုင်တိုင် ၁၅၃/၀ မိုင်၌ မိုင်းပွန်ချောင်းကိုဖြတ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော လွိုင်လင်ခရိုင် မိုင်းပွန်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြ၍ စက်ယန္တရားများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးကျော်တင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းဦးနှင့် တာဝန်ရှိသူများက တံတားတည် ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စံချိန်စံညွှန်းမီ တည်ဆောက်ရေး၊ သတ်မှတ်ချိန်ထက် စောစီးစွာပြီးစီးရေးနှင့် တံတားသစ်မပြီး စီးခင်ကာလအတွင်း တံတားဟောင်းကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် ကြံခိုင်မှုရှိရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ တံတားသစ်မှာ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ပြီး တံတားရှည် ၂၀၈ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိသည်။ တံတား ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ တံတားတည်ဆောက်ရေးလုပ်ငန်းကို ၂၀၀၆ ခုနှစ် မတ် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောက်ရှိအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ လွိုင်လင်မြို့အဝင် တောင်စောင်းများ၌ လွိုင်လင်မြို့နယ် ဌာနဆိုင်ရာများ၊ လွိုင်လင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံတိုင်းရင်းသားများက စုပေါင်းစိုက်ပျိုးလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား ဒေသခံပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင်များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး၊ စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက် ရရှိသည့်အကျိုးအမြတ်များကို ရှင်းပြစည်းရုံးဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လဲချားမြို့နယ် နယ်မြေခံတပ်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့မှ ဟိုပုန်းမြို့၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့် လဲချားမြို့များသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာတွင် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ လမ်းနှင့်တံတားများအခြေအနေ၊ လမ်းဘေးဝဲယာ၌ မိုးစပါးအပြင် သီးနှံများ၊ ခြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် သဘာဝသစ်တော၊ သစ်ပင်များထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၁ ရက်က ဆူးလေစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (က-ပ)



အကျဉ်းဦးစီးဌာနမိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၁

အကျဉ်းဦးစီးဌာန မိသားစု၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို အင်းစိန်မြို့ အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ အင်းစိန်မြို့နယ် သံဃနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် သံဃာတော် ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားမိသားစုများ တက်ရောက်ကြည်ညိုလှူဒါန်းကြသည်။ **(အပေါ်ပုံ)** လှူဒါန်းမှုအစုစုတန်ဖိုးမှာ ငွေကျပ် ၉၇၆၅၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ္စာဒီပကဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာ ၁၅ ရပ်ကွက် သာသနာအမှတ် (၆)ဝိုင်း မြို့ဦးကျောင်းတိုက်ရှိ သစ္စာဒီပကဓမ္မရိပ်သာကြီးတွင် နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ဆရာတော်၏ ဝိဇာတမွေးနေ့ကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ ဓမ္မာနုပဿနာ ခုနစ်ရက်တရားစခန်းကို ကျေးဇူးရှင် ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဣန္ဒောဘာသ (ဓမ္မာစရိယ) က ဟောပြောပြသ ပူဇော်သွားမည်ဖြစ်သည်။ ဇူလိုင် ၂၈ ရက် ညနေ အရောက် ကြွရောက်ပူဇော်နိုင်ပြီး ဆွမ်းစသည်ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်အား အိန္ဒိယကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ သတင်းအချက်အလက် နည်းပညာကဏ္ဍဖွံ့ဖြိုးရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၁

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ အိန္ဒိယနိုင်ငံ Software Technology Parks of India(STPI)မှ ညွှန်ကြားရေးမှူးချုပ် Mr. S.N.Zindal ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အိန္ဒိယနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် သတင်းအချက်အလက် နည်းပညာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို လေ့လာရန် လာရောက်ကြခြင်းဖြစ်ပြီး လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပွဲတက်ရောက်သည့် တာဝန်ရှိပုဂ္ဂိုလ်များသည် နှစ်နိုင်ငံသတင်းအချက်အလက်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများကို ကျယ်ပြန့်စွာဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

စပါးစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေး အသင်းကြီးက အတိုးနှုန်းသက်သာစွာ စိုက်စရိတ်ထုတ်ချေး

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင် ၁၅ရက် ညနေ၆နာရီခွဲက စစ်ကိုင်းတိုင်း ရွှေဘိုမြို့သို့ရောက်ရှိပြီး ရန်ကြီးအောင်ခန်းမ၌ ကျင်းပသော ရွှေဘိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ စာသင်ခုံများ လှူဒါန်းပွဲနှင့် ဖြိုးမေတ္တာလယ်ယာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး စာသင်ခုံများ ပေးအပ်လှူဒါန်းကာ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က စပါးစိုက်တောင်သူများ အနေဖြင့် ငွေကြေးအတွက် စိုးရိမ်ရခြင်းမရှိဘဲ အချိန်မီစိုက်ပျိုးစေနိုင်ရေး အတွက် အသင်းကြီးက အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ် ငွေထုတ်ချေးရခြင်း ဖြစ်ကြောင်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်သည် ရွှေဘိုမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ၁၂ ကျောင်းအတွက် ရပ်ပျိုတိုင်းရင်းဆေးတိုက်ဦးဘိုကြီးမိသားစုက လှူဒါန်း

သော စာသင်ခုံ ၇၁ ခုံအတွက် ကျသင့်ငွေကျပ် ၅၆၈၀၀၀ကို လက်ခံ၍သက်ဆိုင်ရာကျောင်းအုပ်ကြီးများသို့ စာသင်ခုံများကို ပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ ရွှေဘိုမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူ ၂၇၆ ဦးအတွက် စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၁၅၀ကို ကျေး ရွာအုပ်စုအလိုက်တောင်သူလယ်သမား ကိုယ်စားလှယ်များသို့ ပေးအပ်သည်။

ကန့်ဘလူမြို့နယ်

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီတွင် ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာသို့ ရောက်ရှိပြီး အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသော စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲနှင့် ဖြိုးမေတ္တာ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင်တောင်သူများသို့ စိုက်ပျိုးစရိတ်ငွေများ ထုတ်ပေးသည့် အခမ်းအနားသို့တက်ရောက်၍ ကန့်ဘလူမြို့နယ်ရှိ မူလတန်းကျောင်း ၁၃ ကျောင်းအတွက် စာသင်ခုံ ၈၁ ခုံ၊ ကျွန်းလှ မြို့နယ်ရှိ မူလတန်းကျောင်း ၁၅ ကျောင်းအတွက် စာသင်ခုံ ၇၄ ခုံနှင့်ဗလာစာအုပ်များ၊အားကစား ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ကန့်ဘလူမြို့နယ်အတွင်း ရှိ ကျေးရွာအုပ်စု ၂၂ အုပ်စုမှ တောင်သူ ၁၈၀၀အတွက် စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၉၀ နှင့် ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၁၀၀ အတွက် စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၂၀ ကို ကျေးရွာအုပ်စုအလိုက် ကိုယ်စားလှယ်များသို့ ပေးအပ်သည်။

ရွှေဘိုမြို့နယ်

ထိုမှတစ်ဆင့် ဗဟို အလုပ်အမှုဆောင်သည် ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ သွားရောက်ပြီး အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံလှူဒါန်းပွဲနှင့် ဖြိုးမေတ္တာ လယ်ယာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင်တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးခြင်း အခမ်းအနားသို့တက်ရောက်၍ ခင်ဦးမြို့နယ်အတွင်းရှိမူလတန်းကျောင်း ၁၂ ကျောင်းအတွက် စာသင်ခုံ ၆၈ ခုံနှင့် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ခင်ဦးမြို့နယ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်ငါးစုမှ တောင်သူ ၄၃၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၁၅၀ကို အုပ်စုခေါင်းဆောင်များသို့ ပေးအပ်ပြီး တောင်သူတစ်ဦးချင်းစီသို့ ငွေထုတ်ချေးပေးနေမှုကို ကြည့်ရှုအားပေးသည်။

ရေဦးမြို့နယ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ရေဦးမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အခြေခံပညာမူလ တန်းကျောင်းများသို့ စာသင်ခုံများပေးအပ်လှူဒါန်းပွဲနှင့် ဖြိုးမေတ္တာ လယ်ယာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင် တောင်သူများအား စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးသည့် အခမ်းအနားသို့ တက်ရောက်ပြီး ရေဦးမြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၁၆ ကျောင်းအတွက် စာသင်ခုံ ၇၉ ခုံနှင့်ဗလာစာအုပ်များ၊အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ရေဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၅၃၀အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၁၆၀ကို ကျေးရွာအုပ်စုခေါင်းဆောင်များသို့ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ်ဆက်မပြတ် ပညာရေးဟောပြောမည်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ရန်ကုန်တိုင်းအသင်းခွဲ၏ စဉ်ဆက်မပြတ် ပညာရေးအစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အကြံပေးပညာရှင် မေးရိုးနှင့် မျက်နှာအစားထိုး ခွဲစိတ်ပါရဂူ ပါမောက္ခ ဦးသက်ထားဝေက "Management of Oral Ulcerations &Common Pre- Cancerous Lesions of Oral Cavity"ခေါင်းစဉ်ဖြင့် ဇူလိုင်၂၃ ရက် နံနက်၉နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဟောပြောပို့ချမည်ဖြစ်သည်။ အခမ်းအနားကို 3QDental International Ltd. နှင့် Pfizer (Ponstin) တို့မှ ပံ့ပိုးကူညီကြမည်ဖြစ်ပြီး အသင်းဝင် သွားနှင့်ခံတွင်း ဆရာဝန်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်သည်။
(သတင်းစဉ်)

မွန်ပြည်နယ် သထုံမြို့ မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တ ကေသဝန္တ ၏ ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် ဇူလိုင် ၂၁



ဆရာတော် လောင်းလျာသည် မကွေးတိုင်း၊ မကွေးမြို့နယ်၊ အုတ်ကျင်းဒေသ၊ အုတ်ဖိုရွာ၊ ခမည်းတော် ဦးဖိုးစံ၊ မယ်တော် ဒေါ်ဖွားမေ တို့မှ ၁၂၈၀ ပြည့်နှစ် နယုန်လဆန်း ၁၁ ရက်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ်တွင် ကင်းရွာအနောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မာလာကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ၁၂၉၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်၊ နံနက် ၉ နာရီ ၃၀ မိနစ်အချိန်တွင် မြင်းကင်းကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တ သုနန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆည်းပူး

ဆရာတော်လောင်းလျာသည် မကွေးမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နာရဒ၊ ဘဒ္ဒန္တ ဝါယမ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ညောင်တုန်းဆရာတော်၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တ နာရဒတို့ထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

ဆောင်ရွက်တော်မူခဲ့

ဆရာတော်ကြီးသည် မကွေးမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်နှင့် သထုံမြို့၊ မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက်တို့၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ပို့ချတော်မူ၍ ဂဏဝါစကစာချအဖြစ်ဖြင့်လည်းကောင်း၊ ဆဋ္ဌသံဂီတိကာရက ဓမ္မသင်္ဂါဟကဘာဏက ပါဠိဝိသောဓကအဖြစ်လည်းကောင်း၊ သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိအသင်း၏ နာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဆင်ယင်ကျင်းပမည်

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ(၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော်၁၁ ရက်) ၂၀-၇-၂၀၀၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် သီတင်းသုံးတော်မူရာ မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး (၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) ၂၆-၇-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)တွင် အန္တိမဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ကေသဝန္တ ပျံလွန်တော်မူ

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် သထုံခရိုင် သထုံမြို့ မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက်မှ ပဓာန နာယက သက်တော်၈၉နှစ် သိက္ခာတော် ၆၈ ဝါရှိ ဘဒ္ဒန္တကေသဝန္တ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက် ဇူလိုင်၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဇူလိုင်၂၆ရက်တွင် အန္တိမ ဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၁

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ (၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက် တည်ရှိရာ အမှတ်(၁၂) စဥ့်အိုးတန်းလမ်း ရန်ကုန်၌ ဩဂုတ်၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝါးခယ်မနွယ်ဖွား သံဃာတော် ၁၆ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ လှူဒါန်းလိုသောအသင်းသားများသည် သံဃာတော်တစ်ပါးလျှင် သင်္ကန်းနှင့်ဆွမ်းအတွက် ကျပ်၄၅၀၀ လှူဒါန်းနိုင်ကြောင်းနှင့် အလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဩဂုတ် ၁၇ရက် နောက်ဆုံးထား၍ အသင်းတိုက် ဖုန်း-၂၂၆၅၉၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

သဲအင်းဂူအဓိဋ္ဌာန် တရားစခန်း

ရန်ကုန် ဇူလိုင် ၂၁

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပ (သဲအင်းဂူ) ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပမြဲဖြစ်သော အဓိဋ္ဌာန်တရားစခန်းပွဲကို ဝါခေါင်လဆန်း ၁ရက်မှ ၁၀ရက်နေ့အထိ (ဇူလိုင်၂၅ရက်မှ ဩဂုတ်၃ရက်အထိ)၁၀ရက်တိုင်တိုင် ကျေးဇူးတော်ရှင် မူလပထမ သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒနှင့် အရှင်သုနန္ဒ (သာသနာဒီပ) ဆရာတော်များက ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများ ဇူလိုင်၂၄ရက် ညနေအရောက် မိမိတို့၏ မှတ်ပုံတင်ယူဆောင်၍ လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲအလှူရှင်များလည်း လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကလေးသူငယ်ကင်ဆာရောဂါအသိပညာပေးဟောပြော မိခင်နှင့်ကလေးရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကလေးသူငယ် ကင်ဆာရောဂါများနှင့် မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပြုလွှာများ

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေ ပေးအပ်သော ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို လက်ခံယူသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် တိုင်းကျန်းမာရေးအရာရှိ ကလေးအထူးကုဆရာဝန်ကြီး ဒေါက် တာဒေါ်ခင်စောရီက ကလေးသူငယ် ကင်ဆာရောဂါနှင့်ပတ်သက်၍လည်းကောင်း၊ အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံမှ သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီးဒေါက်တာဒေါ်အေးအေးရွှေက မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါနှင့် ပတ်သက်၍လည်းကောင်း ပညာပေးဟောပြော ကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းသို့ သွားရောက်ကြည့်ရှုကြပြီး သားဖွား မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ပေးအပ်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းစက်မှုဇုန် မူလတန်းကြိုကျောင်းသို့ရောက်ရှိပြီး ရင်သွေးငယ်ကလေးများအား ကလေးဆောင်းထီးများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း ပဉ္စမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

အာဆီယံအမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့တောင်အာရှဒေသအတွင်းရှိ ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးရန်နှင့် ယဉ်ကျေးမှုဖလှယ်ရေးကို တိုးတက်ရန် ရည်ရွယ်လျက် ၂၀၀၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း၏ ပဉ္စမအကြိမ်နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်နှင်းညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းအတွင်းရေးမှူးဒေါ်ကေသီစိုးက ၂၀၀၅-၂၀၀၆ ခုနှစ်အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံစာကို လည်းကောင်း၊ အသင်း ဘဏ္ဍာရေးမှူး ဒေါ်နွဲ့နွဲ့ရီက ၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြား တင်သွင်းကြပြီး အတည်ပြုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေး အသင်းအတွက် ဖိလစ်ပိုင် သမ္မတနိုင်ငံသံအမတ်ကြီး H.E. Madame Phoebe A. Gomez က အမေရိကန်ဒေါ်လာ၂၀၀၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဂုဏ်ထူးဆောင်အဖွဲ့ဝင်များက ငွေကျပ်တစ်သိန်း၊ မြန်မာစီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ငွေကျပ်လေးသိန်း၊ Amazing Holidays မှ ဦးအောင်မျိုးမင်းနှင့် ဒေါ်အေးအေးမြင့်တို့က ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သမ္မတနိုင်ငံသံရုံးက အမေရိကန်ဒေါ်လာ၁၀၀၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသံရုံးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးက ငွေကျပ်တစ်သိန်း၊ အရဏ်ဦးဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဌေးတို့က ငွေကျပ်နှစ်သိန်း၊ အငြိမ်းစား သံအမတ်ကြီး ဦးလူမော်- ဒေါ်ဖြူဖြူညွန့်တို့က ငွေကျပ်တစ်သိန်း၊ ဘုန်းဟန်ကျော် လက်ဝတ်ရတနာဆိုင်မှ ဦးဟောင်စွမ်း-ဒေါ်အေးအေးမူတို့က ငွေကျပ်တစ်သိန်း၊ စိန်ကုန်သည် ဆရာမ ဒေါ်မြင့်မြင့်အေးက ငွေကျပ်တစ်သိန်း၊ ကေအက်စ်အက်စ်ကုမ္ပဏီလီမိတက်မှ ဦးထွန်းမြင့်- ဒေါ်အေးအေးညွန့်တို့က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေး အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များက ငွေကျပ်တစ်သိန်း၊ ဒေါ်ကြည်ကြည်တိုလန်တီနိုက အမေရိကန် ဒေါ်လာ ၅၀၊ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ် အမျိုးသမီးများအသင်းက ငွေကျပ်ငါးသောင်း၊ Meemosa Boutique မှ ဦးဆန်နီအောင်ခင်က ငွေကျပ်ငါးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊သုတေသနနှင့်နိုင်ငံခြားဘာသာဦးစီးဌာနက ငွေကျပ်ငါးသောင်း၊ ရန်ကုန်မြို့ရှိ အိန္ဒိယ အမျိုးသမီးများအသင်းကငွေကျပ်တစ်သိန်းနှင့် ကျန်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ အသင်းနာယက အဖွဲ့ဝင်ဒေါ်မြင့်မြင့်စိုးနှင့် ဒေါက်တာဒေါ်ခင်မြဝင်း၊ သံအမတ်ကြီးများနှင့် သံအမတ်ကြီးများ၏ ဇနီးများ၊ အသင်းဥက္ကဋ္ဌတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများချစ်ကြည်ရေး အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းပုံ

အစည်းအဝေးအပြီးတွင် တက်ရောက်လာကြသူများသည် စုပေါင်းဓာတ်ပုံ ရိုက်ကြပြီး ခန်းမအတွင်း ပြသထားသောအသင်း၏ လုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင်

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ညောင်တုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

ညောင် တုန်း မြို့ နယ် အ သင်း (ရန်ကုန်) နာယကများနှင့် အသင်းဝင်များက နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူခြင်းကို ဇူလိုင် ၂၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက် အမှတ်(၂) စစ်ဆေးရုံအနီး၌ ကျင်းပမည်ဖြစ်သည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ရောက်ပဓာန နာယက ဆရာတော်ကြီး ၁၇ပါးတို့အား သင်္ကန်းကပ်လှူပူဇော်ကြမည်ဖြစ်ရာ အသင်းဝင်အသင်းသားများ ညောင်တုန်းမြို့နယ်သူမြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေ လှူဖွယ်ပစ္စည်းများကို အသင်းတိုက် ဖုန်း-၃၈၀၁၀၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ဖလား၌ ခြေစွမ်းပြခဲ့သည့် သူရမ်နှင့် ဇမ်ဘရော့တာတို့အား ဂျူဗင်းတပ်စ်မှ ဘာစီလိုနာအသင်းက ခေါ်ယူလိုက်ပြီ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဘာစီလိုနာ ဇူလိုင် ၂၁

စပိန်ချန်ပီယံ ဘာစီလိုနာ အသင်းသည် စီးရီးဘီသို့ တန်းချခံရသော ဂျူဗင်းတပ်စ်အသင်းမှ နောက်တန်းလူ သူရမ်နှင့် ဇမ်ဘရော့တာတို့အား စာချုပ်၍ ခေါ်ယူလိုက်ပြီဖြစ်သည်။

ဘာစီလိုနာက အသက် ၃၄နှစ်ရှိ သူရမ်အား နှစ်နှစ်စာချုပ်ပြီး အသက် ၂၉နှစ်ရှိ ဇမ်ဘရော့တာအား လေးနှစ်စာချုပ်ချုပ်မည်ဖြစ်ကြောင်းသိရသည်။

ဂျူဗင်းတပ်စ်အသင်းသည် လုပ်ပွဲကစားခဲ့သဖြင့် အီတလီဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်များ မကြာသေးမီက ချမှတ်ခဲ့ရာ လာမည့်ရာသီတွင် ရမှတ် ၃၀ နုတ်ပယ်ခံရမည်ဖြစ်သည့်အပြင် စီးရီးဘီသို့ပါ ဆင်းပေးခဲ့ရသည်။

အဆိုပါ ကစားသမားများ ပြောင်းရွှေ့ကြေးအဖြစ် ဘာစီလိုနာအသင်းက နှစ်ဦးပေါင်း ပေါင် ၁၃သန်း ပေးခဲ့ကြောင်း စပိန်မီဒီယာများက ဖော်ပြသည်။

ပါဝင်ကစားမည်

ယင်းတို့နှစ်ဦးသည် ဘာစီလိုနာအသင်း၏ မက္ကဆီကိုနှင့် အမေရိကန် ခရီးစဉ်တွင် ပါဝင်ကစားလိမ့်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသား သူရမ်နှင့် အီတလီအသင်းသား ဇမ်ဘရော့တာတို့သည် ကမ္ဘာ့ဖလားတွင် ထူးချွန်ကြသည့် ကစားသမားများဖြစ်ပြီး ဗိုလ်လုပွဲတွင် ထိပ်တိုက်တွေ့ကြသူ နှစ်ဦးလည်း ဖြစ်သည်။

သူရမ်သည် ပြင်သစ်အသင်း ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၀၀ ဗိုလ်စွဲခဲ့ချိန်တွင် မိုနာကိုနှင့် ပါးမားအသင်းတို့၌ ကျင်လည်ကစားခဲ့သူဖြစ်သည်။ ပြင်သစ်အသင်းအတွက် ပွဲပေါင်း ၁၂၁ပွဲ ပါဝင်ကစားပေးခဲ့သူလည်း ဖြစ်သည်။

ဇမ်ဘရော့တာ

ထိုအတောအတွင်း ဇမ်ဘရော့တာသည် နောက်တန်းလုံသည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ၾငင်းသည် ၁၉၉၉ ခုနှစ်က ဂျူဗင်းတပ်စ်သို့ ရောက်ရှိလာခဲ့သည်။ အီတလီ အသင်းအတွက် ပွဲပေါင်း ၅၉ပွဲ ပါဝင် ကစားပေးခဲ့သူဖြစ်သည်။

သူရမ်သည် ဥရောပရှိ ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် ကြိုးစားလျက်ရှိသော ကစားသမားဖြစ်သည်။ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ အေစီမီလန်၊ အာဆင်နယ်နှင့် ချယ်လ်ဆီးကဲ့သို့သော အသင်းများက အပြိုင်အဆိုင် ခေါ်ယူခဲ့သူဖြစ်သည်။ **(အင်တာနက်)**

မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်း။
(ဓာတ်ပုံ-အင်တာနက်)

နစ္စတယ်ရွိုင်းအား ခေါ်ယူရေး ဘိုင်ယန်မြူးနစ် လက်မလျှော့သေး

မြူးနစ် ဇူလိုင် ၂၁

မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းအား ခေါ်ယူရန်အတွက် မျှော်လင့်ချက်ကို လက်မလျှော့သေးကြောင်း ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌ ကာလ်ဟိန့်ဇ်ရမ်မီနစ်ဂျေးက ပြောကြားလိုက်သည်။

လိုလားဆဲ

ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် မအောင်မြင်ခဲ့သော နစ္စတယ်ရွိုင်းအား ဘိုင်ယန်မြူးနစ်က ခေါ်ယူရန် လိုလားနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် နစ္စတယ်ရွိုင်းအား ခေါ်ယူရန် ကြိုးစားနေလျက်ပင်ဖြစ်ကြောင်း ရမ်မီနစ်ဂျေးက ပြောကြားလိုက်သည်။

နစ္စတယ်ရွိုင်းသည် စပိန် ရီးရဲမက်ဒရစ်ကို ကျော်လွှန်၍ ဂျာမနီသို့လာရန် ရွေးချယ်သင့်သည်ဟု ယုံကြည်ကြောင်းဖြင့်လည်း ၎င်းကပြောသည်။

နစ္စတယ်ရွိုင်းအား ရီးရဲမက်ဒရစ်က ပေါင် ၁၂ သန်းဖြင့် ခေါ်ယူသော်လည်း မန်ယူက ပေါင်၁၅ သန်းမရသဖြင့် စာချုပ်ခြင်းကို ပယ်ချခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်က ပီအက်စ်ဗွီမှ မန်ယူသို့ ပေါင် ၁၉ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ပွဲပေါင်း ၂၁၈ပွဲ ပါဝင်ကစားခဲ့ရာတွင် ဂိုး ၁၅၀ သွင်းပေးခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးတောင်ပံကစားသမား ဒပ်ဖ် အသင်းမှထွက်ခွာဖွယ်ရှိ

လန်ဒန် ဇူလိုင် ၂၁

ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမား ဒါမီယန်ဒပ်ဖ်သည် စတမ်ဖို့ဒ်ဘရစ်မှ ထွက်ခွာဖွယ်ရှိကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားသည်။

အသက် ၂၇ နှစ်အရွယ်ရှိ အိုင်ယာလန်လက်ရွေးစင် ကစားသမားသည် တော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့အသင်းမှ ကစားသမားအချို့ ထွက်စေချင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကစားသမားများ ချယ်လ်ဆီးတွင်များနေကြောင်း မော်ရင်ဟိုက ပြောကြားသည်။

အဆိုပါကစားသမားသည် စီးပွားရေးအရ ရောင်းချရန် အခြေအနေကောင်းသည့် ကစားသမားဖြစ်ကြောင်း၊ ၎င်းကစားသမား၏ နေရာတွင် ဝဲနောက်တန်းကစားသမား ဒယ်ဟော်နီအား အစားထိုးလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် မော်ရင်ဟိုက အာဆင်နယ် နောက်တန်း ကစားသမား အက်ရှ်လေကိုးအား ခေါ်ယူရန် အလားအလာရှိခြင်းကို ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။ **(အင်တာနက်)**

တောင်ပံကစားသမား ဒပ်ဖ်

ချယ်လ်ဆီးတောင်ပံကစားသမား ဒပ်ဖ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲဂယက်များ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ပြီးဆုံးသည့်နောက်ပိုင်း ဆက်လက်ဖြစ်ပေါ်လျက်ရှိသော သတင်းဂယက်များကို စုစည်းဖော်ပြလိုက်ပါသည်။

ပြင်သစ် တိုက်စစ်မှူး ဇီဒန်း။

ဇီဒန်းနှင့် မာတာရာဇီတို့အား ဖီဖာက ပြစ်ဒဏ်ချမှတ်

၂၀၀၆ ကမ္ဘာ့ဖလား ဗိုလ်လုပွဲတွင် အီတလီ နောက်ခံလူ မာတာရာဇီအား ခေါင်းဖြင့်တိုက်ခဲ့သည့် ဇီဒန်းအား စုံစမ်းစစ်ဆေးနေသော ဖီဖာ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဇီဒန်းအနေဖြင့် ကိုယ်ထိလက်ရောက် ပြုမူခဲ့သည်အတွက် ပြစ်ဒဏ်ချမှတ်လိုက်ပြီဖြစ်သည်။

ယင်းပြစ်ဒဏ်မှာ ဇီဒန်းအနေဖြင့် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ သုံးပွဲ ပိတ်ပင်ခံရမည်ဖြစ်ပြီး ဒဏ်ငွေအဖြစ် ယူရို ၃၂၆၀ ကို ပေးဆောင်ရမည်ဖြစ်ကြောင်း ဖီဖာက ဆုံးဖြတ်ခဲ့သည်။ ၂၀၀၆ ကမ္ဘာ့ဖလား အကောင်းဆုံးဆုကိုမူ ရုပ်သိမ်းခြင်းမရှိကြောင်း သိရသည်။

ထို့အတူ ဇီဒန်းအနေဖြင့် ယခုကဲ့သို့ လုပ်ရပ်မျိုး ဖြစ်ပေါ်အောင် ပြောဆိုခဲ့သည့် အီတလီနောက်ခံလူ မာတာရာဇီကိုလည်း ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီက နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ နှစ်ပွဲကစားခြင်းမှ ပိတ်ပင်ခဲ့ပြီး ဒဏ်ငွေအဖြစ် ယူရို ၂၁၇၀ ဒဏ်ရိုက်ခဲ့သည်။

မာတာရာဇီအနေဖြင့် ဖီဖာ၏ဆုံးဖြတ်ချက်အရ ယူရို ၂၀၀၈ ခြေစစ်ပွဲဖြစ်သည့် စက်တင်ဘာ ၂ ရက်၌ ကစားရမည့် လစ်သူယေးနီးယားနှင့်ပွဲတွင်လည်းကောင်း၊ စက်တင်ဘာ ၆ရက်၌ ကစားရမည့် ပြင်သစ်နှင့်ပွဲတွင်လည်းကောင်း အီတလီအသင်း၌ ပါဝင်ကစားခွင့်ရမည် မဟုတ်ကြောင်း သိရသည်။

အင်္ဂလန်အသင်း အောင်မြင်မှုမရခြင်းမှာ လမ်းပတ်ကြောင့်မဟုတ်ဟု မော်ရင်ဟိုပြောကြား

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်း အောင်မြင်မှုမရဘဲ ကွာတားဖိုင်နယ်မှပင် ထွက်ခဲ့ရခြင်းမှာ ဖရန့်လမ်းပတ်၌ အပြစ်မရှိကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ကာကွယ်ပြောကြားလိုက်သည်။

အင်္ဂလန်အသင်းများအားလုံး ကြိုးစားခဲ့ကြကြောင်း၊ လမ်းပတ်တစ်ဦးတည်းတွင် အပြစ်ပုံမချသင့်ကြောင်း ကမ္ဘာ့ဖလား ဘောလုံးပွဲတွင် လမ်းပတ် ခြေစွမ်းမပြနိုင်ခဲ့သည်မှာ မှန်သော်လည်း အစွမ်းကုန်ကြိုးစားခဲ့ကြောင်း အင်္ဂလန်မီဒီယာများ၏ ဝေဖန်မှုအပေါ် မော်ရင်ဟိုက ပြောကြားလိုက်သည်။



ချယ်လ်ဆီးမှ ဖရန့်လမ်းပတ်။

လမ်းပတ်အနေဖြင့် ကစားသည့်ပွဲတိုင်းတွင် အကောင်းဆုံးကစားခဲ့သော ဘောလုံးသမား တစ်ဦးဖြစ်ကြောင်း၊ ကစားခဲ့သည့်ပွဲတိုင်းတွင် အသင်းကိုကြီးမားသောအထောက်အကူများကို ပေးစွမ်းနိုင်သူဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

ထို့အပြင် အင်္ဂလန်အသင်း အသင်းခေါင်းဆောင်အဖြစ် ဂျွန်တယ်ရီကိုပေးရန် မီဒီယာများ၏ ပြောကြားမှုနှင့် ပတ်သက်၍ ထိုသို့အယူအဆမှာ မှားကြောင်း၊ အင်္ဂလန်အသင်းခေါင်းဆောင်သည် တိုက်စစ်မှူးတစ်ဦးသာဖြစ်သင့်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အာဂျင်တီးနားနည်းပြသစ် အယ်ဖီရိုဘာစီလီ။

အာဂျင်တီးနားနည်းပြအဖြစ် အယ်ဖီရိုဘာစီလီအားရွေးချယ်

ဘိုကာဂျူနီယာအသင်းနည်းပြ အယ်ဖီရိုဘာစီလီအား အာဂျင်တီးနား အသင်းနည်းပြအဖြစ် တာဝန်ပေးရန် ရွေးချယ်ထားကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်အေ)က ပြောကြားလိုက်သည်။

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တွင် အာဂျင်တီးနားအသင်း နည်းပြ ဂျို့ပီကာမင်၏ နေရာတွင် အစားထိုးရန် အေအက်ဖ်ဥက္ကဋ္ဌ ဂျူလီရိုဂရွန်ဒိုနာက ဘာစီလီအား ရွေးချယ်ထားသည်။ ထိုသို့ရွေးချယ်ထားမှုကို ဘိုကာဂျူနီယာ အသင်းမှလည်း အတည်ပြုခဲ့သည်။

ယခုကဲ့သို့ အာဂျင်တီးနားအသင်း နည်းပြအဖြစ် ဘာစီလီအား ရွေးချယ်ခဲ့မှုကြောင့် ဘိုကာဂျူနီယာအသင်း အနေဖြင့် ယခုနှစ်ဘောလုံးရာသီ၌ နည်းပြအသစ်ရှာဖွေရတော့မည်ဖြစ်သည်။

ဘာစီလီသည် လူတော်တစ်ဦးဖြစ်ပြီး ဘိုကာဂျူနီယာ အသင်းကို အချိန်တိုအတွင်း အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ကြောင်း၊ ထို့အတူ အာဂျင်တီးနားအသင်းကိုလည်း အောင်မြင်မှုရရှိအောင် ဆောင်ကြဉ်းပေးနိုင်သူတစ်ဦးဟု မှတ်ယူထားကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂရွန်ဒိုနာက ပြောကြားလိုက်သည်။

ဂါနာကွင်းလယ်ကစားသမား ဘိုရာတန် ဂျေရူဆလင်အသင်းနှင့် စာချုပ်

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အာဖရိကကြယ်နက်များဟု ခေါ်ဝေါ်လျက်ရှိသည့် ဂါနာအသင်းမှ ကွင်းလယ်ကစားသမား ဒေရက်ဘိုရာတန်အား အစ္စရေးကလပ် ဘေတာဂျေရူဆလင်အသင်းက သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်၂၃နှစ်အရွယ်ရှိ ဘိုရာတန်ကို မာဆေးလ်နှင့် ရှဖီးလ်ယူနိုက်တက် အသင်းတို့ကလည်း စိတ်ဝင်စားဆက်သွယ်လျက်ရှိရာ ဘေတာဂျေရူဆလင်ကလပ်က ဤသို့ စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



ဂါနာ ကွင်းလယ်ကစားသမား ဘိုရာတန်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးစက်ပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်။

(1) 35 mm Film Camera (28+ to 80 mm) wide zoom lens with case — ၁၅လုံး
(2) Flash Gum (Film Camera) — ၁၅လုံး
(3) Television Receiver (29") (Multi-colour) — ၅လုံး
(4) Television Receiver (21") (Multi-colour) — ၁၅လုံး
(5) Digital Video Disc Player (DVD Player) — ၁၅လုံး
(6) Digital Camera — ၉လုံး
(7) Flash Gun (Digital Camera) — ၉လုံး
(8) Mini-DV Camera Recoder (NTSC)With Battery — ၅လုံး
(9) Nikon D-2x Digital Camera Body Only — ၁လုံး
(10) Nikon-80 to 400 Zoom Lens — ၁လုံး
(11) Type Writer (Myanmar-18") — ၁၃လုံး

၂။ တင်ဒါပေးသွင်းမှုကို ၃၁-၇-၂၀၀၆ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၅၃၇၆၈၅

ကုန်အမှတ်တံဆိပ်အတုများအား
သတိပေးတားမြစ်ချက်

ပုသိမ်မြို့၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် ၆၄၉နေ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးတင်အေး၊ ဦးမြင့်လွင်(ခ)ဦးမောင်မောင်၊ ဦးသန်းဦးတို့သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ပုသိမ်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး မှတ်ပုံတင်အမှတ်-၅/၉၉ဖြင့် တစ်ဦးတည်းမူပိုင်မှတ်ပုံတင်၍ မြန်မာနိုင်ငံ အရပ်ဒေသအသီးသီးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မှတ်ပုံတင်ကုန်အမှတ်တံဆိပ်အမှတ်အသား

အထက်ဖော်ပြပါ မှတ်ပုံတင်ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်၍လည်းကောင်း၊ အတုအပပြုလုပ်၍လည်းကောင်း၊ ဖိနပ်များတွင်ရိုက်နှိပ်၍ ဈေးကွက်အတွင်း၌ ဖြန့်ဖြူးရောင်းချနေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်အမှုသည်များ၏ ကုန်အမှတ်တံဆိပ်ကို ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားဖြစ်အောင်၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်၍ ဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

အထက်ပါတားမြစ်ချက်အားချိုးဖောက်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ လက်ဝယ်ထားခြင်းများ ဆက်လက်၍ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး LL.B,CBL
တရားရုံးချုပ်ရှေ့နေ
အမှတ် ၄၉၇၊ ကွမ်းခြံရပ်၊
ကမ်းနားလမ်း၊ ပုသိမ်မြို့၊
ဖုန်း-၀၄၂-၂၅၂၅၉၊ ၀၉-၅၂၀၀၉၁၄။

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲနှင့် မေတ္တာပို့ ရွတ်ဆိုပူဇော်ပွဲကို ၁၃၆၈ခုနှစ် ဝါခေါင်လပြည့် ဩဂုတ် ၈ရက်(အင်္ဂါနေ့) နံနက်၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်ဆင်နွှဲလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင်၁၇ရက်က လသာမြို့နယ် သိမ်ကြီးဈေး(ဃ)ရုံ (မြို့တော်ဗဟိုဈေးကြီး) ဈေးသူဈေးသားများနှင့် မြို့တော်စည်ပင်ဝန်ထမ်းများ၏ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၆ရက်က သိမ်ကြီးဈေး(ဃ)ရုံ မြေညီထပ်ရှိခန်းမ၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မော်ကွန်းထိန်းဆရာတော် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။
(က-ပ)



အမည်ပြောင်း

အဖ ဦးအောင်မင်းရွှေ(ခ)ဦးတန်ချီးဟောင်၏သမီးဖြစ်သူ အထက(၅)ဗိုလ်တထောင်၊အဋ္ဌမတန်း(ဂ)မှ မသက်ထားဆုကြည် ၁၂/ဗသထ(နိုင်)၀၀၀၃၆၇ အား မသက်ထားစုကြည်ဟု ပြောင်းလဲခေါ်ပါရန်။ **မသက်ထားစုကြည်။**

ကျောင်းရှူးဆပ်ပါမည်

ကျွန်တော် ဦးကျော်မြတ်နိုင်၏ ယာဉ်အမှတ် န/၄၂၃၀ နီဆန်း၊ ဆန်နီပစ်ကက်ကား၏အခွန်ပြေစာပုံစံ(၁)အစိမ်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၁-၂၉၅၆၂၀။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးခေါဘောမ်၏နိုင်ငံကူးလက်မှတ် ၈၈၃၁၈သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၄၉၇၆၀။**

စုပေါင်းသန့်ရှင်းရေးပြုလုပ်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်ကော်မြို့ပေါ်ရှိ မြို့နာမ်စေတီတော် ပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲအခမ်းအနားကို ဇူလိုင်၁၇ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ သူနာပြုအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များစုပေါင်း၍ လှိုင်ကော်မြို့ပေါ်ရှိ မြို့နာမ်စေတီတော် ပရဝုဏ်အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေနုတ်မြောင်းတူးဖော်ဆယ်ယူလုပ်အားပေး

ရန်ကုန် ဇူလိုင် ၂၁

ဘုတ်ပြင်းမြို့ ရွှေဘုံသာနှင့် အောင်မင်္ဂလာရပ်ကွက်အတွင်း တူးဖော်ထားသောရေနုတ်မြောင်းကြီးအား တူးဖော်သယ်ယူပွဲကို ဇူလိုင် ၈ရက် (စနေနေ့)တွင် စုပေါင်း ဆောင်ရွက်ကြရာ နယ်မြေခံ တပ်နယ်မှဗိုလ်မှူးကြီးကျော်ဇင်ဦးက လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ရေနုတ်မြောင်း ဘေးဝဲ-ယာတွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေ၍ ရေဆိုးများ ပိတ်ဆို့လျက်ရှိရာ ပြည်သူများ၏ ကျန်းမာရေးထိခိုက်လျက်ရှိပြီး (စနေနေ့) စုပေါင်းလုပ်အား ပေးအသွင်ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းတပ်နယ်မှ စစ်သည်များ၊ လူမှုရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ အင်အား၂၀၀ကျော်မှ တစ်နေကုန် လုပ်အားပေးကြသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးယုဝေနှင့်စည်ပင်အင်ဂျင်နီယာ ဦးခင်မောင်စိုးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၄) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စာပေကျေးဇူး မြင့်မိုရ်ဦး စာကြည့်တိုက်ဖွင့်ပွဲ၊ မြို့နယ် ပြန်/ဆက် ဦးစီးဌာန၏ နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၃ ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ညွန့်၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရွှေပေါက်ကံမြို့သစ် ကွပ်ကဲမှုရုံး တာဝန်ခံအရာရှိ ဦးစောဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

အမြန်ပြန်လာပါ

သား သက်ပိုင်မှူး အဖေ၊ အမေ စိတ်ပူနေသည်။ အမြန်ပြန်လာပါ။ လက်ခံထားသူအား ဥပဒေအရအရေးယူမည်။ တွေ့ရှိက အကြောင်းကြားပါ။ **ဒေါ်ခင်မာကြည် ဖုန်း-၀၉-၅၁၆၁၉၆၆။**

အမြန်အလိုရှိသည်

တရုတ်အစားအစာ ကျွမ်းကျင်စွာ ချက်ပြုတ်တတ်သော အကြော်ဆရာတစ်ဦးနှင့် အဖျော်ဆရာတစ်ဦး အမြန်အလိုရှိသည်။

ဆက်သွယ်ရန် ဖုန်း-၅၂၅၁၂၀၊ ၅၁၀၂၅၆၊ ၀၉-၅၁၂၃၂၂၇။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

စာရင်းကိုင်	(ကျား)	၅ ဦး
စာရင်းကိုင်	(မ)	၅ ဦး
ယာဉ်မောင်း(မြို့တွင်းမောင်းရန်)	(ကျား)	၃ ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လစာကောင်းကောင်းပေးမည်။ ခုနစ်ရက်အတွင်းဆက်သွယ်ပါ။

ဆက်သွယ်ရန်လိပ်စာ - အခန်း ၈၀၄၊ တိုက် ၂၇၂၊ ဓနလိုင်တာဝါ၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ဖုန်း-၀၉-၂၀၀၇၈၈၄၊ ၀၉-၅၀၂၁၃၄၆။

ရုံးချိန် - နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ။

ဇူလိုင် ၂၁ရက် မိုးရွာသွန်းလေသမျှ

ပူတာအို } စစ်တွေ }	၃ ဒသမ ၁၁ လက်မ
ဖျာပုံ	၂ ဒသမ ၈၄ လက်မ
သထုံ	၂ ဒသမ ၆၈ လက်မ
ဘားအံ	၂ ဒသမ ၂၄ လက်မ
မော်လမြိုင်	၂ ဒသမ ၂၀ လက်မ

ကားရောင်းမည်

Toyota Corolla Van (GL)
93 Model (Diesel)
၁ခ/၈---(အဖြူရောင်)
အခွန်ကြေ၊ လိုင်စင်သစ်
ဖုန်း-၀၉-၅၁၀၂၁၃၃၊
၀၉-၅၁၂၆၂၂၈ (ပွဲစားမလိုပါ)

ပေါက်ခေါင်းမြို့ ဆင်ဖြူကန်ကျေးရွာ၌ ပြောင်းနှင့် စပါးစိုက်ပျိုး စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းပွဲကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၁၅

ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးထွန်းအေး၊ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်း၊ အဖွဲ့ဝင်ဦးအောင်ခင်နှင့် ခရိုင် စိုက်ညှိအဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက်နံနက် ၈ နာရီက ပေါက်ခေါင်းမြို့နယ် မစိုးရိမ်နှင့် ဆင်ဖြူကန်ကျေးရွာအုပ်စုများရှိ ယာသီးနှံ ပြောင်းနှင့် စပါးစိုက်ဧက ၁၈၄ ဧကသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

အမှာစကား

ဆက်လက်၍ တောင်ဇင်းဝရှိ ခြစည်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ခင်းနှစ်ခုသို့ ကြည့်ရှုစစ်ဆေးပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးရွာစာကြည့်တိုက်များသို့ တန်ဖိုးငွေကျပ် ၇၄၀၄၀၀ ရှိ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

(မြို့နယ် ထွေ/အုပ် ဦးစီး)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇန်ကျွမ်း ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၂၃ ရက်က ညောင်ပင်သာဒေသရှိ မြေကွက်လပ်တွင် စုပေါင်း၍ ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးကြစဉ်။ (မြို့နယ် စည်ပင်)

ကျောက်တံခါးမြေလွတ်များ၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ကျောက်တံခါး ဇူလိုင် ၁၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေလွတ်များတွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမှုကို ဇူလိုင် ၃ရက်က အမှုဆောင်အရာရှိ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စူဠဘွဲ့ နှင်းသဘင်အခမ်းအနား ကလေးမြို့၌ကျင်းပ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်

ကလေး ဇူလိုင် ၆

စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် ရွှေဘုံသာဘုရားကြီးမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သိန်းဦးက အခမ်းအနား အစီအစဉ်များ ဖတ်ကြားလျှောက်ထားပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံမှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးတင်ကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်သိန်းလှိုင်အမှူးပြု၍ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်သုံးပါး၊ ပထမကြီးတန်း ၂၈ပါး၊ ပထမလတ်တန်း ၇၅ ပါး၊ ပထမငယ်တန်း ၇၂ ပါး စုစုပေါင်း သံဃာတော် ၁၇၅ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် ပထမပြန်အောင်လက်မှတ်များဆက်ကပ်သည်။

ယင်းနောက် မဟာသဒ္ဓါရုံ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌ အဂ္ဂမဟာအကျော်က အနုမောဒနာတရားနှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူရာ ပရိသတ်တို့က တရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်း ချအမျှပေးဝေကြသည်။

(၄၁၇)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အာဇာနည်လမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၉ ရက်က ရေမြောင်းများ ရှင်းလင်း ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ဖားကန့်မြို့ သာယာလှပရေး ပန်းအလှပင်များ ပေါင်းသင်

ဖားကန့် ဇူလိုင် ၁၂

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က မြို့ပတ်လမ်းတစ်လျှောက်ရှိ ပန်းခွက်များတွင် စိုက်ပျိုးထားသည့် ပန်းအလှပင်များ မြေဆွေးထည့်ခြင်း၊ ပေါင်းသင်ခြင်းလုပ်ငန်းများကို ဦးစီးအရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်နော်ကလယ်ဒေထူးဦးဆောင်သောအဖွဲ့ ဇူလိုင်၁၀ရက်ကအနေးယာဉ်များစည်းကမ်းစနစ်ကျနစွာမောင်းနှင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)



ဝါးခယ်မမြို့နယ် ထွေ/အုပ်ဦးစီးဌာနကြီးမှူး ဝန်ထမ်းများဝတ်စုံနှင့် စားကုန်များထောက်ပံ့

ဝါးခယ်မ ဇူလိုင် ၁၄

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြီးမှူး၍ ဝန်ထမ်းများဝတ်စုံနှင့် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီက ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မနောသုခခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ မြို့နယ်ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက အမှာစကားပြောကြားပြီး ၂၀၀၆ ခုနှစ် ဝန်ထမ်းဝတ်စုံများကို ဝန်ထမ်း ၄၂ ဦးအား ပေးအပ်ရာ မြို့နယ်ဒုတိယဦးစီးမှူးများက လစဉ်ထောက်ပံ့လျက်ရှိသော ဆန်၊ ဆီ၊ ပဲ နှင့် ဆားများကို ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အခွန်ဆိုင်ရာဆွေးနွေးပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် ဇူလိုင် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၄ရက်က ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်း အခွန်ဦးစီးဌာနမှူး ဦးကိုကိုအေးက အခွန်ဆိုင်ရာနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ **(ယာပုံ)**

ရှင်းလင်း

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြရာ တိုင်းအခွန်ဦးစီးဌာနမှူး၊ ပြည်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးဝင်းအောင်ညိုနှင့် မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးမောင်မောင်သိန်းတို့က ပြန်လည်ရှင်းလင်းကြသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင် အခွန်ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၁၄)ရက်
၂၃-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (အပန်းဖြေခြင်း-သိပ္ပံမှူးတင်)
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး ကဏန်းမွေးမြူရေး(အပိုင်း-၁)
၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (မိန်းကလေးတို့၏ အလှတရားကို ဖြည့်ဆည်းပေးမှာ)
၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်သူတို့အကြောင်း
(၂) အသက်ထက်ဆုံး
(၃) ချစ်သူသည်သာ
၁၂:၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ အစီအစဉ် (သစ်ပင်စိုက်ကြ ဇူလိုင်လ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အိပ်မက်ထဲက မင်းသားတွေ)
၁၃:၁၀ မြန်မာ့အစဉ်အလာနှင့်ပုရပိုက်ပန်းချီ (ဦးမင်းနိုင်)

ညနေပိုင်း

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်ပါဠိနှင့် အနက်
၁၇:၀၀ သူ့လက်သံ (ဂီတာအောင်ရှိန်၏ ဂီတာလက်သံ)
၁၇:၁၅ မြန်မာ့မူပန်ဇာတိမာန် ဟောပြောချက် (စစ်မြေမှ မြဝတီ မင်းကြီး၏ ရတုတစ်ပုဒ်-တက္ကသိုလ်ညိုသန့်)
၁၇:၃၀ သူ့အလှည့် (တိုနီသစ်လွင်)
၁၈:၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၉:၁၅ မြန်မာမှု မြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်လယ်ထွန်မင်္ဂလာ-ပထမပိုင်း)
၂၀:၃၀ မြန်မာမှု မြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်လယ်ထွန်မင်္ဂလာ-ဒုတိယပိုင်း)
အဖိတ်နေ့နှိုးဆော်ချက်

ဖခင် ဦးလော်ဘန်သန်းအား ရည်စူး၍ မိခင်ကြီး ဒေါ်စွမ်ကို အမှူးထားပြီး မအေးအေးမြင့်၊ မစန်းစန်းမြင့်၊ မလေလေ၊ ကိုသိန်းထွန်း–မခင်အေးမြင့်(မဟာအောင်ကုဋေဟိန်းထီဆိုင်)မိသားစု အမှတ်(၆၂၁) မဟာဗန္ဓုလလမ်း လသာမြို့နယ် ရန်ကုန်မြို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံတစ်ဆူနှင့် ရေစင်တော်အတွက် ငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (က–ပ)

မန္တလေးကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းများမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

မန္တလေး ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်ဝန်ထမ်းများမိသားစု၏ (၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါသတင်းစာတိုက် ဘုရားခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ချမ်းအေးသာစံမြို့နယ် ဝါခင်းကုန်း မဟာဝိဇယရာမ ရာကျော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိဇယအမှူးပြု၍ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး စာတည်းမှူး ဦးညွန့်ဇော်နှင့် ဇနီး၊ ဝန်ထမ်းမိသားစုများက တက်ရောက်ကြည်ညိုကြကာ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး စာတည်းမှူးနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်၊သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရာကျော်ကျောင်းဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(က–ပ)**

ခင်ဦးမြို့၌ အရန်သားဖွားသင်တန်းဆင်း

ခင်ဦးမြို့ ဇူလိုင် ၁

ခင်ဦးမြို့နယ် ၂၀၀၅–၂၀၀၆ ခုနှစ် အရန်သားဖွား သင်တန်းဆင်းပွဲနှင့် ကစ်ပုံးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက်က မြို့နယ်ဆေးရုံခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဒေါ်စမ်းစမ်းမြင့်က ၂၀၀၅–၂၀၀၆ ခုနှစ် အရန်သားဖွား သင်တန်း စတင်ချိန်မှ ယခုအချိန်ထိ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ဆက်လက်၍ အရန်သားဖွား သင်တန်းသူများ၏ အရည်အချင်းစစ်ဆေးခြင်းမှ အောင်မြင်သူများ၊ ဆုရသူများကို ကစ်ပုံးနှင့် အောင်လက်မှတ်များ တစ်ဦးချင်း ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်လမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင်နှင့် ကြက်ဆူပင်ကြားတွင် မီးဖိုချောင်သုံး သီးနှံပင်များ စိုက်ပျိုးထားရှိမှုကို ဇွန် ၂၁ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန် ၁၇ ရက်က အလှူရှင် မွန်ပြည်နယ် (မြန်မာ့ရေနံ၊ ပြည်နယ်ရုံး) ပြည်နယ်ရောင်းဝယ်ရေး အရာရှိ ဦးစိန်မြင့်–ဒေါ်အေးအေးချစ်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က လက်ခံယူစဉ်။ (၁၆၈)

(၃၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

မကွေးမြို့ လမ်းမတော် လမ်းဆုံရပ်နေ ဦးသိုက်ထွန်း(ဂမုန်းပွင့်အထူးကုတိုင်းရင်းဆေးခန်း) **(အပေါ်ပုံ)** သည် ဇူလိုင် ၉ရက်က မကွေးတိုင်း အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် (၃၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ကျေးရွာစာကြည့်တိုက်များအသုံးပြုရန် ရုပ်မြင်သံကြားလှူဒါန်း

ရွှေကျင် ဇူလိုင် ၁၀

ပဲခူးတိုင်းရွှေကျင်မြို့နယ် အင်္ဂနီကျေးရွာနှင့် သရက်ချောင်းကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် ရုပ်မြင်သံကြားပြစက်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၄ရက် နံနက် ၁၀နာရီက အင်္ဂနီကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရည်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင် ဦးထင်ကျော်–ဒေါ်သိင်္ဂီတို့က သရက်ချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ပွဲကုန်းရပ်ကွက်နေ ဦးကျော်မင်းနိုင်–ဒေါ်လဲ့လဲ့ဝင်းတို့က အင်္ဂနီကျေးရွာ စာကြည့်တိုက်နှင့်ရပ်ကွက်ရုံးဆောက်လုပ်ရန် ငွေကျပ် ၂၀၀၀၀၀ နှင့် ရုပ်မြင်သံကြားပြစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများက လက်ခံယူကြသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

အခွန်အရပ်ရပ် လျာထားချက်ပြည့်မီရေးဆွေးနွေး တာဝန်ပေးအပ်မှုအပေါ် ကျေပွန်စွာထမ်းဆောင်

ပုသိမ် ဇူလိုင် ၁၅

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ဇူလိုင် ၇ ရက်က ဧရာဝတီတိုင်းအတွင်းရှိ တိုင်းအခွန်ဦးစီးဌာနမှူး၊ ခရိုင်အခွန်ဦးစီးဌာနမှူးများနှင့် ၂၆ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ တွဲဖက်ဦးစီးမှူးများနှင့် ပုသိမ်မြို့ တိုင်းအခွန်ဦးစီးဌာနမှူးရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း၊ မြို့နယ်အခွန်ဦးစီးမှူးများနှင့် တိုင်းအခွန်ဦးစီးဌာနမှူးတို့က ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံပေးသည့် အခွန်အရပ်ရပ်များကို သတ်မှတ်လျာထားချက်နှင့် မျှော်မှန်းချက်များအတိုင်း ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး၊ အခွန်ထမ်းများက ပြည်သူများထံမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် စည်းကြပ်ကောက်ခံရေး၊ အခွန်ဆိုင်ရာ ပညာပေးလုပ်ငန်းများဆောင်ရွက်၍ စည်းရုံးကောက်ခံသွားရန်နှင့် အခွန်ဝန်ထမ်းများအနေဖြင့် တာဝန်ပေးအပ်ထားမှုအပေါ် ကျေပွန်စွာထမ်းဆောင်ကြရန် ရှင်းလင်းမှာကြားကြောင်း သိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့အဝင်ကမ်းနားလမ်းတစ်လျှောက် ပလက်ဖောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းကို ဇူလိုင် ၇ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သန်းသန်းမြတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့ ကုန်ခြောက်၊ သား၊ ငါး ဈေးရုံ ရေမြောင်းအမှိုက်များ တူးဖော်ရှင်းလင်း

တောင်ကြီး ဇူလိုင် ၁၀

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကုန်ခြောက်၊ သား၊ ငါး ဈေးရုံတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၅ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ ဈေးအတွင်းအပြင် လုပ်ကွက်သုံးပိုင်းပိုင်း၍ ရေမြောင်းများမှ အမှိုက်၊ နုန်းနှင့် သဲမြေတူးဖော်ဆယ်ယူ၍ အမှိုက်သယ်ယာဉ်ဖြင့် သယ်ယူရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသဗ္ဗာရ ဝတ်အသင်း၏ နှစ်ရာပြည့်အကြိုပွဲနှင့် ရွှေတိဂုံစေတီတော်သို့ (၅၆) ကြိမ်မြောက် ရွှေပြား အလှူတော်ပွဲအတွက်တာမွေ မြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းတိုက်(အီး) အခန်း(၁၀၄)နေ ဦးကျော်ညွန့်-ဒေါ်လှမြင့် မိသားစုက ရွှေစင်ရွှေပြား သုံးကျပ်သား တန်ဖိုးငွေကျပ် ၁၂၆၀၀၀၀ ကို ဇူလိုင်၉ရက်က အမှတ်(၅၄) ဘောဂလမ်း ကြည့်မြင်တိုင်မြို့နယ် အသင်းဓမ္မာရုံ၌ အသင်းနာယက ဦးတူးနှင့် ဥက္ကဋ္ဌ ဦးကျော်အေးတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လှိုင်မြို့နယ်စည်းရုံးရေး ကော်မတီအတွင်းရှိ အဖွဲ့ဝင်၄၇၀၊ အရန်အဖွဲ့ဝင် ၃၅၈ဦးနှင့် ကျောင်းသားကျောင်းသူ ၁၇၂တို့အား နှစ်စဉ်ထောက်ပံ့ကြေးနှင့် ပညာသင်စရိတ်များကို ဇူလိုင်၁၅ရက်က မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြီး (ငြိမ်း)နှင့် အမှုဆောင်များက ပေးအပ်ရာ ကျောင်းသူ တစ်ဦးက လက်ခံစဉ်။ (က-ပ)

အမှာစကား ပြောကြား

မူလတန်းဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ် သင်ကြားသင်ယူမှု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက်က ရန်ကုန်တိုင်း တိုက်ကြီး အထကအနော်ရထာ ခန်းမ၌ ကျင်းပရာ တိုက်ကြီးမြို့နယ် ပညာရေးမှူး ဦးသိန်းစံအောင်က သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။ (ပညာရေး)

မိုးကုတ်ဝိပဿနာ ဝါတွင်းတရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈၂)နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်၌ ဝါတွင်းကာလ အထူးတရားစခန်းပွဲများကို တစ်လနှစ်ကြိမ် ကျင်းပလျက်ရှိရာ ဒုတိယတရားစခန်းပတ်ကို ဝါခေါင်လဆန်း ၆ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို အဖွဲ့ချုပ်နာယက ရန်ကင်းမြို့နယ် ဘုရားလေးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တအဂ္ဂညာဏ အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်ရာ ဖုန်း- ၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

တန့်ဆည်မြို့နယ် ဉာဏ်သာကျေးရွာ အမကလွန်ကျောင်းဖွင့်

တန့်ဆည် ဇူလိုင် ၁

အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားကိုဇွန် ၁၂ ရက် နံနက်က တန့်ဆည်မြို့နယ် ဉာဏ်သာ ကျေးရွာ အုပ်စု၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစန်းရွှင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးဆွေသန်းတို့က ဉာဏ်သာကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပြည်သူများပူးပေါင်း ပါဝင်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားပြီး လက်ထောက် မြို့နယ်ပညာရေးမှူးက ပညာရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းက ချို့တဲ့ကလေးငယ်များအား ပညာသင်ထောက်ပံ့ကြေးများပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးမြတ်သန္တာမဟာစည်ရိပ်သာ၌ သိမ်မွှာရုံဆောက်လုပ်ရန်အတွက် မိခင်ကျောင်းအမကြီး ဒေါ်လှခင်စောအား အမှူးထား၍ ရဟန်းဒါယကာဦးသောင်းညွန့်-ရဟန်းအမ ဒေါ်မြတ်မြတ်ခိုင်၊ သား မောင်တေဇာအောင်၊ မောင်ကျော်စိုးဟန်၊ သမီး မအေးချစ်ပိုး(မြတ်သစ္စာရွှေဆိုင် မင်္ဂလာဒုံဈေး) မိသားစုက ပထမအကြိမ် အလှူတော်ငွေကျပ်သိန်း ၂၀ ကို မြတ်သန္တာမဟာစည်ရိပ်သာ ဆရာတော်အရှင်သိရိန္ဒ (ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ကြေးပိဋကတ်တော် ပြုလုပ်ရန်အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းကြရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ လာရောက် လှူဒါန်းကြသော ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို(၂) ရပ်ကွက် နတ်မောက်လမ်းသွယ်(၁) အမှတ်-၃၃/အေနေ ဒေါ်ရင်ပု၊ ဖခင် ဦးပါအား ရည်စူး၍ မိခင် ဒေါ်ရင်ပုနှင့်သားသမီးများ၊ ဗိုလ်မှူးတင်ရှိန်(ငြိမ်း)ဇနီး ဒေါ်အေးမွန်ရှိန် မိသားစု၊ ရန်ကုန် ဆေးတက္ကသိုလ်(၁) ပထမနှစ်မှ မဝတ်ရည်တင်ရှိန်၊ မသန္တာတင်ရှိန်၊ မခိုင်ဇာတင်ရှိန်တို့က ကြေးပြားတစ်ချပ်စီနှင့် စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မစေတီလမ်း အမှတ် (၇၅)နေ ဆရာဒေဝ (လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်)မိသားစု၊ ဆရာဒေဝနှင့် မသင်းသင်းစိုး(အမရာအလှ ပြင်ဆိုင်-ရှမ်းကုန်းလမ်း)၊ ဆရာဒေဝနှင့် သမီး မမြမာလာ၊ မြေး အမရာ ရွှန်းလဲ့ဗိုလ် တို့က ကြေးပြားတစ်ချပ်စီ တို့ကို လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်း မြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုက် ၅၃/၅၄ ပထမထပ် ဗဟိုရ်စည်အိမ်ရာနေ ဒေါ်ခင်နှင်းဝေနှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်း ကိုယ်စား သူနာပြုချုပ် ဒေါ်မြင့်မေက လက်ခံယူစဉ်။ (က-ပ)

ဘိုကလေး မိခင်/ကလေးအသင်း နှစ်ပတ်လည်စည်းဝေး မူးယစ်ဆေးဝါးအလွဲသုံးမှု ပိုစတာပြိုင်ပွဲဆုရသူများဆုချီးမြှင့်

ဘိုကလေး ဇူလိုင် ၇

ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသည့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် မြို့နယ် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အဖွဲ့နှင့် အလှူရှင် များက အလှူငွေများပေးအပ်လှူဒါန်းပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ ပြိုင်ပွဲ၌ ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်သော တဲကုန်းကျေးရွာ အလှူရှင် စက်ရေတွင်းကို ခြံစည်းရိုးကြက်ဆူ ဇီဝဒီဇယ်ဖြင့် မောင်းနှင်၍ ကျေးရွာ ပြည်သူတို့ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ခပ်ယူသုံးစွဲမှုကို ဇွန် ၂၅ရက်က လက်ထောက် ညွှန်ကြားရေးမှူး အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ စုပေါင်းသန့်ရှင်း၍ ရေနုတ်မြောင်းများတူးဖော်

ကျောင်းကုန်း ဇူလိုင် ၁၈

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဇူလိုင် ၁၅ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းတွင်းကျောင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်တပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးသိန်းထွန်းနှင့် အသင်းဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)၊ (၂)ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်တို့မှ ပြည်သူများစုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ (အပေါ်ပုံ) (၃၆၅)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တာမွေမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

ရခိုင်ပြည်နယ် မအီ–မင်းကြောင်းလမ်းမကြီးပေါ်မှ ဝန်ဖိုက်ချောင်းတံတား တည်ဆောက်ပြီးစီးမှု

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးတစ်လျှောက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့များက မအီ–မင်းကြောင်း အပိုင်းရှိ တံတားများ တည်ဆောက်ခဲ့ရာ ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် တံတားအရှည်၈၂၇ပေ–၃လက်မ၊ ယာဉ်သွားလမ်း အကျယ်၂၄ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ၊ တံတားအပေါ်ထည် သံမဏိသံပေါင် သံကူကွန်ကရစ်၊ တံတားအောက်ထည် သံကူကွန်ကရစ်ဘိုးပိုင် အုတ်မြစ်ချထားပြီး ယာဉ်တစ်စီးခွင့်ပြု တန်၆၀ သွားနိုင်သည့် ဝန်ဖိုက်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော ဝန်ဖိုက်ချောင်းတံတား တည်ဆောက်ပြီးစီးမှုအနေအထားကို ဇူလိုင်၇ရက်က ဤသို့တွေ့ခဲ့ရသည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ခံစားမှုရသပေးစွမ်းနိုင်သော "ချစ်စရာစုတ်ချက်များ" ပန်းချီပြပွဲ

ရန်ကုန် ဇူလိုင် ၂၁

ပန်းချီကားတစ်ချပ်သည် ကြည့်ရှုသူကို အနုပညာရသ ပေးစွမ်းနိုင်ရမည်။ ပန်းချီဆရာ၏ဖန်တီးမှု အတတ်ပညာကောင်းလျှင် ကြည့်ရှုသူများကို ခံစားမှုရသ ထိရောက်စွာပေးနိုင်သည်ဖြစ်ရာ ပန်းချီကားကောင်းတစ်ချပ်ဖြစ်ရန် ဖန်တီးမှုအတတ်၊ အတွေးအခေါ်နှင့် အရောင် ပေါင်းစပ်မှုများက အဓိကလိုအပ်ချက်ပင် ဖြစ်ပေသည်။

ထိုသို့သော လိုအပ်ချက်များနှင့် ပြည့်စုံလျက်ရှိသည့် ပန်းချီကားများကို စုစည်းကာ ပန်းချီ *စာမျက်နှာ ၇ ကော်လံ ၁* ❒

ခံစားတင်ပြသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ရှမ်းပြည်နယ်ရှိ နမ့်ပန်ဈေးအတွင်း ပအိုဝ်းတိုင်းရင်းသူများ ဈေးရောင်းနေပုံကို ဖော်ကျူးထားသည့် ပန်းချီဆရာမ လွန်းမြမြ၏ ရေဆေးလက်ရာကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အင်တာနက်အထူးသတင်း

အနာဂတ်ခရီးသည်တင်လေယာဉ်များ ပလတ်စတစ်ဖြင့်တည်ဆောက်သွားမည်ဟုဆို

လန်ဒန် ဇူလိုင် ၂၁

အနာဂတ်တွင် ဗြိတိန်နိုင်ငံသားများအနေဖြင့် ပလတ်စတစ်လေယာဉ်များဖြင့် ခရီးသွားရဖွယ်ရှိကြောင်းဖြင့် အမေရိကန် ဘိုးအင်းလေယာဉ်ကုမ္ပဏီဥက္ကဋ္ဌ အဖန်မူလာလီက ပြောကြားလိုက်သည်။

တည်ဆောက်မည်

ဘိုးအင်း–၇၈၇ လေယာဉ်အားလုံးကို သတ္တုမဟုတ်သည့် ပစ္စည်းများဖြင့် တည်ဆောက်တော့မည်ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် စတင်မည့် ဖန်းဘာရာလေယာဉ်ပြပွဲမတိုင်မီတွင် မစ္စတာမူလာလီက ပြောကြားလိုက်ခြင်းဖြစ်သည်။

ရည်ရွယ်

ပလတ်စတစ်နှင့်တကွ ပလတ်စတစ်ရောနှောပစ္စည်းများမှာ သံချေးတက်ခြင်း၊ အက်စစ်စားခြင်း မရှိသည့်အတွက် အနာဂတ်တွင် လေယာဉ်အားလုံးကို ပလတ်စတစ်ဖြင့်ပြုလုပ်ရန် ရည်ရွယ်သည်ဆို၏။ ပလတ်စတစ် အသုံးပြုခြင်းဖြင့် ပေါ့ပေါ့ပါးပါးနိုင်ပြီး လောင်စာလည်း သက်သာနိုင်ကြောင်း သိရသည်။ **(ကိုးကား–အင်တာနက်)**

NLD ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုမှုမရှိသဖြင့် ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၁

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မန်ကျည်းတော ကျေးရွာအုပ်စု ရပ်/ကျေး ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ရပ်/ကျေး အတွင်းရေးမှူး ဦးဝင်းအောင်တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ဇွန် ၂၆ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✡